# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၁၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




(၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# (၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၉**

(၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀) နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တို့၌ Online Hybrid စနစ်ဖြင့် တစ်ပြိုင်နက်တည်း ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တပ်မတော်ဆေးသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ တပ်မတော် အရာရှိကြီးများ၊ ပါရဂူများ၊ နိုင်ငံတကာမှ ဆေးပညာရှင်များ၊

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## မြန်မာနိုင်ငံတော် ဗဟိုဘဏ် အသိပေးကြေညာချက်


၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများအပြည့်အဝရရှိရန်မှာ အဓိကကျသည့်အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၅ တို့တွင် ပို့ကုန်တင်ပို့သူသည် ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း ((၁၀-၁၁-၂၀၂၁) ရက်နေ့မှစ၍ သုံးလအတွင်း) ယင်း၏ ဘဏ်စာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်ရန်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို ပို့ကုန်တင်ပို့သည့်နေ့မှစ၍ ခြောက်လအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည်ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊

*စာမျက်နှာ ၈ ကော်လံ ၁* ❋

## အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ" အနောက်မြောက်ဘက်သို့ ရွေ့လျား

**နေပြည်တော် မေ ၉**



ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များ အရ ဘင်္ဂလား ပင်လယ်အော် အနောက် အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❄

**ယနေ့ ဖတ်စရာ**

**ကျောက်တော်မြို့နယ် မဟာမုနိယာယီတိုက်ပွဲရှောင်စခန်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်၊ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်**

ပြည်တွင်းသတင်း | စာ - ၅

**ဖိလစ်ပိုင်သမ္မတသစ် ရွေးကောက်ပွဲအမတ်ဟောင်း မာကို့စ်ဂျူနီယာ နံပါတ်တစ်ပြေးနေ**

နိုင်ငံတကာသတင်း | စာ - ၁၃

မြန်မာ့အလင်း

# လူငယ်လူရွယ်များအတွက် ၃၈ ဖြာ မင်္ဂလာ

ရှေးခေတ်မြန်မာ့ပညာရေးမှာ ဘုန်းတော်ကြီးကျောင်းများတွင် အခြေစိုက်သည်။ ကျေးရွာတိုင်းတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိစမြဲဖြစ်ပြီး ထိုကျောင်းများတွင် ကျေးရွာမှ ကလေးငယ်များ မြန်မာစာအခြေခံသင်ပုန်းကြီးကို စတင်သင်ယူကြရသည်။ ပုတ္တောဝါဒဆုံးမစာတွင် "ဤသို့ ပထမ၊ နမောကကို၊ စ၍ သင်ပြီး၊ သင်ပုန်းကြီးလုံး၊ သုံးဆယ့်သုံးဌ်၊ နှလုံးပိုက်၍၊ မြိုက်မြိုက် အားရ၊ တတ်ပြီးမှတည့်၊ မင်္ဂလသုတ်၊ ဆယ့်သုံးပုဒ်ကို၊ အားထုတ် လို့လ၊ မကြာရခင်၊ ဓိပ္ပါယ်ငင်၍၊ သိမြင်စိမ့်ကြောင်း..." ဟူ၍ ထိုခေတ်ဘုန်းတော်ကြီးကျောင်း ပညာရေး၏ သင်ရိုးညွှန်းတမ်းကို ပြဆိုထားရာ မြန်မာအက္ခရာဗျည်း ၃၃ လုံး သင်ပုန်းကြီး ကုန်အောင် တတ်မြောက်ပြီးပါက မင်္ဂလသုတ်ကို အဓိပ္ပာယ်နှင့်တကွ နားလည်သိမြင်အောင် သင်ကြားရသည်ကို ဆုံးမစာ၌ တွေ့မြင်နိုင်သည်။

မင်္ဂလာတရားတော်ကို ကလေးဘဝမှာပင် သင်ကြားပေးခဲ့ခြင်းက ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်လုံးတွင် လူမှုဆက်ဆံရေး၊ ဘဝအောင်မြင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့အတွက်ဖြစ်ပြီး အကျိုးရလဒ်အားဖြင့် ကြီးပွားချမ်းသာကြောင်းနှင့် မကောင်းမှုဟူသမျှတို့ကို ပယ်ဖျောက်နိုင်ကြောင်းဟူ၍ ဖြစ်သည်။ ထို့ကြောင့်ပင် ရှေးခေတ်ပညာရေးစနစ်တွင် မင်္ဂလသုတ်ကို ကျောင်းသားကျောင်းသူတို့ ရှိသေလေးစားစွာ သင်ယူခဲ့ရခြင်းဖြစ်သည်။ စင်စစ်မင်္ဂလသုတ်သည် ရွတ်ဖတ်တတ်ရုံ၊ အဓိပ္ပာယ်သိရုံမျှမဟုတ်ဘဲ ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်းဖြင့် ကောင်းကျိုးချမ်းသာရရှိနိုင်သည့် တရားပင်ဖြစ်သည်။ "မင်္ဂလာလမ်းမ လျှောက်လှမ်းသွားတဲ့ ပုဂ္ဂိုလ်ဟာ လမ်းဆုံးရောက်တာနဲ့ ဒီမှတ်တိုင် ရောက်ရှိမှာဖြစ်ပါတယ်" ရောက်သွားလို့ရှိရင် "သဗ္ဗတ္ထ မပရာဇိတာ" – ဘယ်တော့မှ ကိုယ်က ရှုံးတယ်ဆိုတာ မရှိဘူး။ "သဗ္ဗတ္ထ သောတ္ထိံဂစ္ဆန္တိ" – အရာရာ ခပ်သိမ်း ပြီးပြည့်စုံအောင်နိုင်ခြင်း ရရှိနိုင်တယ်လို့ မြတ်စွာဘုရားက မင်္ဂလသုတ်မှာ ဒီလိုဟောထားတာ ဖြစ်တယ်ဟူ၍ မင်္ဂလသုတ် အနှစ်ချုပ်တရားတော်တွင် ပါမောက္ခချုပ်ဆရာတော်ကြီးက ဟောကြားထားသည်။

ကိုလိုနီခေတ်မှစ၍ မြန်မာနိုင်ငံ၏ ပညာရေးစနစ်များ ပြောင်းလဲလာပြီးသည့်နောက်တွင် ကျောင်းသူကျောင်းသား ကလေးငယ်များနှင့် မင်္ဂလာတရားတော်တို့ တစ်စတစ်စ ကင်းဝေးခဲ့သည်။ ဗုဒ္ဓဘာသာအသင်းအဖွဲ့များက သင်ကြားမှုများ၊ စာမေးပွဲကျင်းပမှုများ ပြုလုပ်ပေးခြင်းအပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးကြစေကာမူ မြန်မာလူငယ်အများစုတို့ မင်္ဂလာတရားတော်နှင့် မရင်းနှီးဘဲ ကင်းကွာခဲ့ကြပြီဖြစ်သည်။ နည်းပညာများ တိုးတက်ထွန်းကားလာသည့် မျက်မှောက်ခေတ်တွင်မူ ကလေးများမှစ၍ လူငယ်လူရွယ်များအထိ ဂိမ်းများနှင့် လူမှုကွန်ရက်များ၏ လွှမ်းမိုးမှုအောက်သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်းတို့နှင့် အသားကျ ယဉ်ပါးလာကြပြီး အတွေးအခေါ်များ လမ်းလွဲလာကြသည်။ မှောက်မှားလာကြသည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဇာတ်သဘင်ပညာရှင်များ ပူးပေါင်း၍ လူငယ်လူရွယ်များကို ရည်ရွယ်သည့် ပြည်သူ့နီတိနှင့် ၃၈ ဖြာမင်္ဂလာတို့ကို ရိုက်ကူးထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မှတ်ဖွယ်မှတ်ရာ အသိအလိမ္မာတို့ကို လက်ခံရယူ လိုက်နာကျင့်သုံးကြခြင်းဖြင့် ဘဝတစ်သက်တာအတွက် ကောင်းကျိုးချမ်းသာများဖြစ်ထွန်းခြင်းနှင့် မကောင်းမှုတို့ ပယ်ဖျောက် ပျောက်ကွယ်ခြင်းရလဒ်များ ခံစားကြရမည်ဟူ၍ အကျိုးမျှော်ကာ နှိုးဆော်လိုက်ရပါကြောင်း။ ။

## တရားမအထူးအယူခံမှု(၁)မှုကို ကြားဖြတ်အမိန့်ချမှတ်ပြီး တရားမအထူးအယူခံမှု (၉) မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၅) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကိုတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၇/၂၀၂၁ (ရန်ကုန်)ကို ကြားဖြတ်အမိန့်ချမှတ်ပြီး တရားမအထူးအယူခံမှု အမှတ် ၅၀/၂၀၂၀ (ပဲခူး)၊ ၁/ ၂၀၂၁ (ရန်ကုန်)၊ ၂/၂၀၂၁ (စစ်ကိုင်း)၊ ၈/၂၀၂၁ (ရန်ကုန်)၊ ၉/၂၀၂၁ (ဧရာဝတီ)၊ ၁၀/၂၀၂၁ (ဧရာဝတီ)၊ ၁၁/၂၀၂၁ (မန္တလေး)၊ ၁၃/၂၀၂၁ (ဧရာဝတီ)နှင့် ၂၇/၂၀၂၁ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု (၉) မှု တို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမ အထူးအယူခံမှုအမှတ် ၁၉/၂၀၂၀ (ရှမ်း)၊ ၃၃/၂၀၂၁ (မကွေး)၊ ၃၄/၂၀၂၁ (မကွေး)၊ ၁/၂၀၂၂ (ဧရာဝတီ) နှင့် ၅/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် G.T.H.S ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် G.T.H.S ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာအထက်တန်းကျောင်းများ၌ (၁၁-၅-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၀-၅-၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်ဖြစ်သည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

## မြစ်ကြီးနားမြို့နယ် အေးချမ်းသာ ငွေစုငွေချေး သမဝါယမအသင်းက မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

**မြစ်ကြီးနား မေ ၉**

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန်နှင့် အသင်းသား ပြည်သူများ သန့်ရှင်းသော စားသုံးဆီများကို သက်သာသော နှုန်းထားဖြင့် ဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ သမဝါယမကဏ္ဍမှ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကချင်ပြည်နယ် သမဝါယမဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတို့ ချိတ်ဆက်၍ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုမှ ထုတ်လုပ်သော အရည်အသွေး ကောင်းမွန်၍ သန့်ရှင်းလတ်ဆတ်သည့် မြေပဲဆီသန့် ပိဿာချိန် ၅၀၀ ကို မြစ်ကြီးနားမြို့နယ်ရှိ အေးချမ်းသာ ငွေစုငွေချေး သမဝါယမအသင်းမှ ဝယ်ယူကာ ဒေသပေါက်ဈေးထက် သက်သာသော နှုန်းများဖြင့် အသင်းသားပြည်သူများအား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန ပထမနှစ်၊ နေ့သင်တန်း၊ ဥပဒေအထူးပြုဘာသာရပ် တိုးချဲ့ဖွင့်လှစ်သော တက္ကသိုလ်များတွင် မေဂျာပြောင်းလျှောက်ထားနိုင်

၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် ဥပဒေအထူးပြုဘာသာရပ်၊ နေ့သင်တန်း တိုးချဲ့ဖွင့်လှစ်သော အောက်ဖော်ပြပါတက္ကသိုလ် (၁၀) ကျောင်းတွင် ဝိဇ္ဇာဘွဲ့(ဥပဒေပညာ)/B.A(Law) သင်တန်းပို့ချမည်ဖြစ်ပြီး အခြားအထူးပြုဘာသာရပ်များမှ ဥပဒေအထူးပြုဘာသာရပ်သို့ အပြောင်းလျှောက်လွှာများကိုလည်း ၂၇-၅-၂၀၂၂ ရက်နေ့မတိုင်မီ အဆိုပါတက္ကသိုလ်များတွင် တင်ပြလျှောက်ထားပါက သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်-

(၁) မြိတ်တက္ကသိုလ်
(၂) ဟသ္သာတတက္ကသိုလ်
(၃) မအူပင်တက္ကသိုလ်
(၄) ဗန်းမော်တက္ကသိုလ်
(၅) ရွှေဘိုတက္ကသိုလ်
(၆) ကလေးတက္ကသိုလ်
(၇) လားရှိုးတက္ကသိုလ်
(၈) ပခုက္ကူတက္ကသိုလ်
(၉) မိတ္ထီလာတက္ကသိုလ်
(၁၀) ကျိုင်းတုံတက္ကသိုလ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၁ ဒသမ ၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၉**

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။ (ယာပုံ)





**တက်ရောက်**

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အရာရှိကြီး များ၊ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအဖွဲ့ အစည်း ၃၆ ခုမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ် စောင့်ကြပ်**

ဖွင့်ပွဲအခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ကျင့်သုံးဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်း များရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်ပြီး ယခုသင်တန်းအား ဖွင့်လှစ်ခြင်းဖြစ် ကြောင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေ၊ သုံးငွေများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်ဖြစ် ကြောင်း၊ ပြည်သူ့အကျိုးပြု စီမံကိန်းများကို ချမှတ် ရေးဆွဲ အကောင်အထည်ဖော်ရာတွင် စီမံကိန်းရေးဆွဲ ခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ ချိတ်ဆက် ဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်၊ စီမံကိန်း လျာထားချက်များအတိုင်း ပြည့်ဝစွာ အကောင် အထည်ဖော်နိုင်စေရန်၊ စီမံခန့်ခွဲမှု အားနည်းချက် များကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံး မှုများ မဖြစ်ပေါ်စေရန်၊ စီမံကိန်းနှင့် ဘတ်ဂျက် အကောင်အထည်ဖော်မှု အစီရင်ခံစာများကို စနစ် တကျ တင်ပြနိုင်စေရန်နှင့် လုပ်ငန်းဆောင်ရွက် မှုများနှင့်စပ်လျဉ်း၍ စာရင်းစစ်ဆေးခံယူမှုများ စနစ်တကျရှိစေရန် စဉ်ဆက်မပြတ် စောင့်ကြပ် ကြည့်ရှုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကောင်းမွန် သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို တည်ဆောက် နိုင်မှသာ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲ သော ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ကို ရရှိနိုင် မည်ဖြစ်ကြောင်း ပြောကြားသည်။

**လေးပတ်ကြာမြင့်မည်**

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုအထူးမွမ်းမံ သင်တန်းကို အစိုးရဌာနများနှင့် အဖွဲ့အစည်းများ အတွင်း ခိုင်မာသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ်ကို တည်ထောင်ကျင့်သုံးနိုင်ရေးအတွက် စွမ်းရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းများ မွေးထုတ် ပေးရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းသို့ ဗဟိုအဖွဲ့အစည်း များနှင့် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးရှိ စီမံ ကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံ ညွှန်ကြား ရေးမှူးအဆင့် အရာထမ်း စုစုပေါင်း ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း၊ ပြည်သူ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (Public Finance Management Academy – PFM Academy) ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ သင်တန်းကျောင်း စတင်ဖွင့်လှစ် သည့်အချိန်မှ ယနေ့အထိ ပြည်သူ့ဘဏ္ဍာရေးစီမံ ခန့်ခွဲမှုအခြေခံ သင်တန်း သုံးခုနှင့် အထူးကာလတို သင်တန်း ၃၈ ခု ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၆၁ ဦး တက်ရောက် ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၉

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။** (အောက်ပုံ)

အခမ်းအနားတွင် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အဖွဲ့ဝင် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက စီးပွားရေးဦးတည် ချက်များ အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် အဓိကအဟန့်အတား ဖြစ်စေသည့် တရားမဝင်ကုန်သွယ် မှုများသည် ခေတ်အဆက်ဆက် အမြဲမပြတ် ပေါ်ပေါက်လျက်ရှိပါ ကြောင်း၊ တရားမဝင်ကုန်သွယ်မှု များကြောင့် အဂတိလိုက်စားမှုများ ကြီးထွားလာခြင်း၊ Commercial Crime များ ပေါ်ပေါက်လာပြီး Rule of Law ကို ထိခိုက်လာနိုင် ခြင်း၊ နိုင်ငံတော်အတွက် ရသင့် ရထိုက်သည့် အခွန်အခများ ဆုံးရှုံးစေနိုင်ခြင်း၊ ပြည်တွင်း တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းစေခြင်း၊ စားသုံးသူ ပြည်သူလူထုအပေါ် အန္တရာယ် ကျရောက်စေနိုင်ခြင်း၊ အမျိုးသားလုံခြုံရေးနှင့် ကျန်းမာ ရေးတို့ကို ထိခိုက်ပျက်ပြားစေခြင်း စသည့်ဆိုးကျိုးများစွာ ဖြစ်ပေါ် လျက်ရှိပါကြောင်း။



တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ၏ လုပ်ငန်းတာဝန် (၁၃) ရပ် အနက် နောက်ဆုံးအချက်ဖြစ် သော တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ၏ မဟာဗျူဟာနှင့် လမ်းညွှန် ချက်များအပေါ် လုပ်ငန်းစီမံချက် များရေးဆွဲ၍ အကောင်အထည် ဖော်ခြင်း၊ ကြီးကြပ်ခြင်း၊ လေ့လာ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း နှင့် အစီရင်ခံခြင်းများ ဆောင်ရွက် နိုင်ရန် အမြဲတမ်းရုံးအဖွဲ့ တစ်ရပ် ဖွဲ့စည်း ဆောင်ရွက်ခြင်းနှင့် ယင်းရုံးအဖွဲ့တွင် သက်ဆိုင်ရာ ဌာနများမှ ကိုယ်စားလှယ်များ အချိန်ပြည့် ပူးပေါင်းဆောင်ရွက် ခြင်းတို့ကို လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေး မှူး ဒုတိယဝန်ကြီး ဦးညွန့်အောင် က တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပါဝင်လျက်ရှိသည့် ဌာနများမှ ဝန်ထမ်းများအနေဖြင့် ဆက်စပ် ဌာနများ၏ ဥပဒေနှင့် လုပ်ထုံး လုပ်နည်းများကို ပိုမိုကျေညက်စွာ သိရှိစေရန်နှင့် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်း များကို ယခုထက်ပိုမို၍ ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သက်ဆိုင်ရာဌာန များမှ ညွှန်ကြားရေးမှူးနှင့် အထက် အဆင့်ရှိသောနည်းပြများ က ပို့ချဆွေးနွေးသွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဌာန ဆိုင်ရာ အရာရှိကြီးများ၊ တာဝန်ရှိ သူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီး ဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ဖွင့်လှစ် သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက် မည်ဖြစ်ကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

❄ ***ရှေ့ဖုံးမှ***

"အာစန်နီ" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ကာ အိန္ဒိယနိုင်ငံ ပို့ပလဲယား၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၄၇၅ မိုင်ခန့်၊ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၁၅ မိုင်ခန့်၊ ပူရီမြို့၏ တောင်ဘက် ရေမိုင် ၃၁၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၄၇၅ မိုင်ခန့် နှင့် ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၄၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ် ထူထပ်နေသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည် နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင် သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက် လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ် နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည် နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည် နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့များနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌများနှင့် ကောင်စီဝင်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

### ထိခိုက်နစ်နာနေ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့အချိန်တွင် မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက နည်းအမျိုးမျိုးဖြင့် နှောင့်ယှက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အပြစ်မဲ့ပြည်သူအချို့ကို ဒလန်ဟုစွပ်စွဲကာ အကြောင်းမဲ့သတ်ဖြတ်မှုများ ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် လွန်စွာစိတ်မကောင်း ဖြစ်ရပါကြောင်း၊ လူပုဂ္ဂိုလ်အချို့၏ မမှန်မကန် သွေးထိုးမြှောက်ပင့်မှုများကြောင့် ဒီမိုကရေစီနှင့် မယဉ်ပါးသေးသည့် လူငယ်လူရွယ်အချို့ လမ်းမှားရောက်ကာ ၎င်းတို့၏ အနာဂတ်များ ထိခိုက်နစ်နာနေသည်ကို တွေ့မြင်နေရပါကြောင်း။

### နည်းလမ်းများဖြင့် ဆောင်ရွက်

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အသိအမြင်၊ အတွေးအခေါ်မှန်ကန်ပြီး နေ့စဉ်လူမှုဘဝများကို အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အချိန်တွင် မိမိတို့၏ သတင်းမှန်ထုတ်ပြန်ရေး လုပ်ငန်းများကို မသမာသူများက ဟန့်တားနှောင့်ယှက် နေကြပါကြောင်း၊ တစ်နည်းအားဖြင့် ဒီမိုကရေစီ အမည်ခံ အဖျက်သမားများက ၎င်းတို့၏ မဟုတ်မမှန်ဝါဒဖြန့်ပြောဆိုမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် သတင်းအချက်အလက် ဖြန့်ဝေသည့် သတင်းမီဒီယာ လုပ်ငန်းများကို ဟန့်တားနှောင့်ယှက်နေကြောင်း၊ မိမိတို့၏ မီဒီယာလုပ်ငန်းများကို မည်သို့ပင် ဟန့်တားနှောင့်ယှက်စေကာမူ နိုင်ငံနှင့်ပြည်သူ့အတွက် နည်းလမ်းမျိုးစုံဖြင့် မိမိတို့ကြိုးပမ်း ဆောင်ရွက်နေမည်ဖြစ်ကြောင်း။

### စီစဉ်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား သတင်းအချက်အလက် ထုတ်ပြန်ရေးလုပ်ငန်းများသာမက လူငယ်လူရွယ်များ၏ စာရိတ္တကောင်းမွန်စေရေးနှင့် စိတ်နေသဘောထားမှန်ကန် ကောင်းမွန်စေရေးအတွက် ပြည်သူ့နီတိနှင့် ၃၈ ဖြာမင်္ဂလာတို့ကို ဇာတ်သဘင် ပညာရှင်များနှင့်ပူးပေါင်း၍ ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေအပေါ် မှန်ကန်စွာ သိမြင်ပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ အေးချမ်းတည်ငြိမ်မှု ရှိစေရေးအတွက် ဆောင်ရွက်မှုအခြေအနေများနှင့် သတင်းမီဒီယာသမားများက ကျင့်ဝတ်သိက္ခာစောင့်ထိန်း၍ သတင်းတု၊ သတင်းမှားများ ဝိုင်းဝန်းတိုက်ဖျက်ပေးရန် လိုအပ်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) နှင့် ကောင်စီဝင်များက သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရေးနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

### ပိုမိုရေးသားထုတ်ဝေ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး အဖွဲ့များမှ စာပေ ပညာရှင်ကြီးများနှင့် တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သတင်းပြန်ကြားရေး လုပ်ငန်းများ အခြေအနေနှင့် စာဆိုဗိမာန် အဆောက်အအုံတည်ဆောက်ရေး အခြေအနေများကိုလည်းကောင်း၊ အနာဂတ်ကို တာဝန်ယူကြမည့် လူငယ်များအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အနုပညာဗဟိုဌာန အဆောက်အအုံများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး စာအုပ်စာပေကောင်းများကို ပိုမိုရေးသားထုတ်ဝေပေးရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် စာပေပညာရှင်ကြီးများက အမျိုးသားစာပေဆုဆိုင်ရာ ရွေးချယ်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အလုပ်သမားဝန်ကြီးဌာန အလုပ်သမားဆက်ဆံရေးဆိုင်ရာ တာဝန်ခံအရာထမ်းများ၏ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၉**

**အလုပ်သမားဝန်ကြီးဌာန အလုပ်သမားဆက်ဆံရေးဆိုင်ရာ တာဝန်ခံအရာထမ်းများ၏ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။** (ယာပုံ)





### ဆွေးနွေးဖလှယ်ကြရန်လို

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအား သုံးသပ်နိုင်ရန်အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တာဝန်ခံအရာထမ်းများမှ တင်ပြလာသော အားသာချက်၊ အားနည်းချက်၊ အခက်အခဲနှင့် စိန်ခေါ်မှုများကို အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ အရာထမ်းများနှင့် တာဝန်ခံ အရာထမ်းများအချင်းချင်း ဆွေးနွေးဖလှယ်ကြရန်လိုကြောင်း၊ သို့မှသာ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး တာဝန်ခံအရာထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေမည်ဖြစ်ကြောင်း။

### အကောင်အထည်ဖော်ဆောင်ရွက်

အရာထမ်းများအနေဖြင့် ဦးစီးဌာနများမှ စည်းကြပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ကောင်းမွန်ကျေညက်စွာ သိရှိမှသာ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များကို မှန်ကန်စွာနှင့် မြန်ဆန်စွာရရှိရေး ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ တာဝန်ခံ အရာထမ်းများအနေဖြင့် မိမိတို့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ကျင့်သုံး၍ အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များကို မှန်မှန်နှင့် အပြည့်အဝခံစားရရှိစေရေး ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း။

### တိုးမြှင့်ဖွဲ့စည်းနိုင်ရေး အလေးထား

အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ အောက်ခြေအဆင့်တွင် အမှုများ ပြီးပြတ်မှုရှိစေရေးအတွက် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေအရ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ညှိနှိုင်းဖျန်ဖြေရာတွင် အလုပ်ရှင်၊ အလုပ်သမားများ၏ လိုလားချက်များအပေါ် နှစ်ဖက်ပြေငြိမ်းမှု ရရှိစေရေး အတတ်နိုင်ဆုံး ဖျန်ဖြေရေးအရာထမ်း၏ ညှိနှိုင်းဖျန်ဖြေမှုစွမ်းရည် ပြည့်ဝစွာဖြင့် ဖျန်ဖြေညှိနှိုင်းပေးခြင်း၊ အငြင်းပွားမှုအဖြစ် မရောက်ရှိစေရေး အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) တွင် ဆွေးနွေးညှိနှိုင်းမှု ပိုမိုဆောင်ရွက်စေခြင်းနှင့် အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ တိုးမြှင့်ဖွဲ့စည်းနိုင်ရေး အလေးထား တွန်းအားပေး လုပ်ဆောင်ကြရန်လိုကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ အရာထမ်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ်ရုံးခွဲများမှ အရာထမ်းများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တက္ကသိုလ်များအနေဖြင့် စာတွေ့လက်တွေ့သင်ကြားရေး၊ လေ့ကျင့်ရေး၊ သုတေသနလုပ်ငန်းများကို တိကျသောအချိန်ဇယားခွဲဝေမှုပုံစံဖြင့် စနစ်တကျသင်ကြားပေးကြရန်လို

နေပြည်တော် မေ ၉

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရေး အကြိုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**



**ရှင်းလင်းတင်ပြ**

ရေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် အစည်းအဝေး ခန်းမတွင် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံရာ စိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နန်းဆိုင်ဟွမ်းနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များ ပါမောက္ခချုပ် ဒေါက်တာ မာမာဝင်းတို့က ကျောင်းများ စတင်လက်ခံပေးနေမှု၊ ကျောင်းသူကျောင်းသား အဆောင်များ၊ စာသင်ဆောင်များ ကျောင်းသားဦးရေ လက်ခံနိုင်မှုပမာဏနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဘေးကင်းလုံခြုံစွာ သင်ကြားသင်ယူနိုင်ရေး စီမံ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

**စနစ်တကျသင်ကြား**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရေဆင်းဒေသသည် အဆင့်မြင့်ပညာသင်ကြားရေးနှင့် သုတေသနဌာနများတည်ရှိနေပြီး စိုက်ပျိုးပညာ ပြည်ရွာဖွံ့ဖြိုး၊ မွေးမြူဆေးကု တိုင်းပြည်ပြု ဆောင်ပုဒ်များနှင့်အညီ အဆင့်မြင့်ပညာရပ်များ မွေးထုတ်ပေးသည့် ရပ်ဝန်းတစ်ခု ဖြစ်သည့်အားလျော်စွာ တက္ကသိုလ်များအနေဖြင့် စာတွေ့လက်တွေ့သင်ကြားရေး၊ လေ့ကျင့်ရေး၊ သုတေသနလုပ်ငန်းများကို တိကျသော အချိန်ဇယားခွဲဝေမှုပုံစံဖြင့် စနစ်တကျ သင်ကြားပေးကြရန်လိုကြောင်း၊ အလားတူ အင်တာနက်များ ကောင်းမွန်စွာ အသုံးပြုနိုင်ပြီး တက္ကသိုလ်များ အချင်းချင်း ချိတ်ဆက်၍ နည်းပညာဖလှယ်နိုင်ရေး၊ ရာသီအလိုက် အားကစားပြိုင်ပွဲများ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအခြေခံသည့် အခမ်းအနားများ၊ ကျပန်းစကားပြောပွဲများ စသည်တို့ ဆောင်ရွက်ပေးပြီး ပတ်ဝန်းကျင်နှင့် သဟဇာတညီစွာ ဝင်ဆံ့သည့် ဘက်စုံထူးချွန်သူများ ဖြစ်စေရေး စနစ်တကျစီမံဆောင်ရွက်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်လွှားပြီး ဆရာသမားကောင်းများပီသစွာ အားထုတ်ကြိုးပမ်း ဆောင်ရွက်နေမှုများအပေါ် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ဆောင်များ၊ လက်တွေ့ဆောင်များ၊ သုတေသနခတ်ခွဲခန်းများ၊ စာကြည့်တိုက်နှင့် စားရိပ်သာများ၊ ကျောင်းသားကျောင်းသူ အဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းများ ပိတ်ထားခဲ့ရသဖြင့် ဆုံးရှုံးခဲ့ရသော စာသင်ကာလများ အစားထိုး ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်မှုကြောင့် သင်ကြားမှု သင်ယူမှုအရည်အသွေး ထိခိုက်မှုမရှိစေရေး၊ ကျောင်းတက်ရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်နိုင်ကြရန် တတ်နိုင်သည့်ဘက်က ကူညီဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ မိသားစုများနေရေး၊ စားရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်းဆည်သို့ ရောက်ရှိကြပြီး ရေဆင်းဆည်ရေသောက်အတွင်း သီးနှံများစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ဆည်ရေပေးဝေနေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူအတွက် ဝင်ငွေအများဆုံး သီးနှံပုံစံဖော်ထုတ်ပေးရေး၊ မြေဆီဩဇာထက်သန်ရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ စနစ်တကျအသုံးပြုရေး၊ တစ်နှစ် (၂) သီးစားမှ (၃) သီးစားအထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စိုက်ကွင်းများ ရေသွင်း ရေထုတ်မှန်ကန်ရေးနှင့် ရေတင်နည်းမျိုးစုံဖြင့် စိုက်ပျိုးရေအသုံးပြုနိုင်ရေး၊ ဒေသစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် သက်ဆိုင်ရာဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကျင်းပ

**နေပြည်တော် မေ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့၌ (နဝမနေ့) အဖြစ်လည်းကောင်း၊ ပါဠိပထမပြန် စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ (တတိယနေ့)အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ နဝမနေ့ စာရင်းသွင်းသံဃာနှင့်သီလရှင် စုစုပေါင်း ၄၅၄ ပါးအနက် အပါး ၂၅၀ ဖြေဆိုကြသဖြင့် ၅၅ ဒသမ ၀၆ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၅၃၇ ပါး အနက် ၃၈၅၀၂ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၁၉ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် (၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Symposium of the Conference အဖြစ် Building Resilience for Healthcare: Sharing Success Story and Challenges from COVID–19 Pandemic ကိုလည်းကောင်း ၊ Symposium များအဖြစ် Con-sequences of COVID–19 Pandemic: Cognitive, Affective and Mental Health ၊ COVID–19 and Acute Kidney Injury ၊ COVID–19 Infection in Children: Practice Essentials၊ Role of Surgery in Chronic Liver Diseases: Where are We Now?၊ Current and Future Place of Radiology in the COVID–19 Management ၊ Peculiar Presentations of Diabetes Mellitus ၊ Long COVID Syndrome: Impact၊ Recent Update in Orthopaedic Surgery: Military Perspective နှင့် Special Talk သုံးခုတို့ကို ဆွေးနွေးကြသည်။

၎င်းအပြင် သုတေသနစာတမ်းများအဖြစ် သားဖွားနှင့် မီးယပ်ရောဂါပညာ၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသမှုပညာ၊ ခွဲစိတ်ပညာ၊ သူနာပြုပညာ၊ အဏုဇီဝဗေဒစသည့် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၂၀ တို့ကို ပါဝင်ဖတ်ကြားတင်သွင်းကြသည်။

နှီးနှောဖလှယ်ပွဲသို့ Inperson တက်ရောက်သူများအနေဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ၁၅၅ ဦးနှင့် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်- ၅၀၀)တွင် ၂၃၁ ဦး စုစုပေါင်း ၃၈၆ ဦးတက်ရောက်ခဲ့ပြီး Online မှ တက်ရောက်သူများအနေဖြင့် အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု(အရာရှိ)နှင့် သူနာပြု စုစုပေါင်း ၅၄၇ ဦး တက်ရောက်ကြသည်။

အဆိုပါ (၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို မေ ၁၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်တော်မြို့နယ် မဟာမုနိယာယီတိုက်ပွဲရှောင်စခန်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးအနီး မဟာမုနိ ယာယီတိုက်ပွဲရှောင်စခန်းရှိ သာစည်ကျေးရွာမှ ခေတ္တလာရောက်နေထိုင်သည့် မရွှေစော (ဘ) ဦးစောထွန်းသာ၏ ဓနိမိုး၊ ဝါးထရံကာ၊ ဝါးခင်း နေအိမ်၌ ယနေ့နံနက် ၁ နာရီခွဲခန့်တွင် ထမင်း/ဟင်းချက်ပြုတ်ထားသော မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ကျောက်တော်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယာယီတိုက်ပွဲရှောင်စခန်းမှ ပြည်သူများပူးပေါင်း၍ မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၆ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ယာယီတိုက်ပွဲရှောင်နေအိမ် ၂၆၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာ နေရာသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ မီးဘေးသင့်တိုက်ပွဲရှောင် ပြည်သူများအတွက် ထောက်ပံ့သည့် ဆန်အိတ် ၇၈ အိတ်၊ ဆီ ၂၆၂ ပိဿာနှင့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်း ၁၃ မျိုးပါရှိသည့် Family Kit ၂၆၂ ပုံးကို တာဝန်ရှိသူများက သက်ဆိုင်ရာ မီးဘေးသင့် အိမ်ထောင်စုဝင်များထံ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲမှသည် တပ်မတော်ဆေးတပ်ဖွဲ့၏ ဂုဏ်ကိုထွန်းလင်းတောက်ပစေလျက် .......

ညောင်ဦးဖိုး၊ ခတ်ပုံ - ဥသာ

*(ယမန်နေ့မှ အဆက်)*

**မှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်**

အရိုးရောဂါဘာသာရပ်သည် မြန်မာ့တပ်မတော်ဆေးပညာနယ်ပယ်တွင် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် ပညာရပ်ဆိုင်ရာတိုးတက်ရေးကို အရိုးရောဂါဆိုင်ရာဆေးတပ်ဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်မှု၏ အသီးအပွင့်ကို ရရှိခဲ့ခြင်းပင်ဖြစ်သည်။ အဆိုပါ တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲမတိုင်မီ အကြိုအလုပ်ရုံဆွေးနွေးပွဲကို မေ ၅ ရက်နှင့် ၆ ရက်နေ့တို့တွင် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံ (ခုတင်-၅၀၀)တွင် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ ထိုအလုပ်ရုံ ဆွေးနွေးပွဲတွင် "AO Principle of Fracture Fixation Basic Course" ခေါင်းစဉ်ဖြင့် အတိုင်ပင်ခံအရိုးခွဲစိတ်ပါရဂူ ဒုတိယ ဗိုလ်မှူးကြီး ဟိန်းလတ်ဝင်း စုစည်းဦးဆောင်မှုဖြင့် ပြည်တွင်း၊ ပြည်ပမှအရိုးရောဂါဆိုင်ရာ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါရဂူများ၊ ပါမောက္ခပါရဂူကြီးများ၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ ပါမောက္ခ ဆရာဝန်ကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ် အရိုးရောဂါပညာ ဘွဲ့လွန်ကျောင်းသားများ၊ ဆေးလက်တွေ့ပါရဂူကျောင်းသားများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခကြီးများ၊ နိုင်ငံတကာမှ ဘာသာရပ်ဆိုင်ရာ အရိုးရောဂါဆိုင်ရာ ပညာရှင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုသည် မြန်မာ့တပ်မတော်၏ အရိုးရောဂါဆိုင်ရာဆေးပညာရပ်တွင် မှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်စေခဲ့ပြီဖြစ်သည်။

အဆိုပါ (၂၉) ကြိမ်မြောက် တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲကြီးအတွက် အကြိုအလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရန် တပ်မတော်ဆေးတပ်ဖွဲ့အသီးသီးမှ အရိုးပါရဂူများအားလုံးကို စုစည်းချိတ်ဆက်ဆောင်ရွက်ရသည့်နည်းတူ နိုင်ငံတကာမှ အရိုးရောဂါပါရဂူများနှင့် ဆက်သွယ်၍ Continuous Medical Education တစ်ရပ်အနေဖြင့် ခေတ်မီဆေးပညာရပ်များနှင့် နည်းစနစ်များကို လက်တွေ့လုပ်ဆောင်နိုင်ရန် ဆွေးနွေးသင်ကြားပေးနိုင်ခဲ့သော ဆေးပညာနှီးနှောပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲကြီးတစ်ခုလည်းဖြစ်ခဲ့သည်။

အရိုးရောဂါဆိုင်ရာကုသမှု အဆင့်အတန်းကို စဉ်ဆက်မပြတ်မြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာတွင်ရှိသော အရိုးရောဂါဆိုင်ရာပညာရှင်များစုစည်း၍ ၁၉၅၈ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ၌ AO ဟူသောအသင်းကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ AO အသင်းကြီး၏ ပင်မတာဝန်မှာ ကမ္ဘာတစ်ဝန်းရှိ အရိုးရောဂါကုသမှုဆိုင်ရာ လေ့လာရေးနှင့် မူဝါဒကိုချမှတ်သော အသင်းကြီးဖြစ်သည်။ AO အသင်းကြီး၏ ပင်မလုပ်ငန်းတာဝန်သည် ကမ္ဘာတစ်ဝန်းရှိအရိုးရောဂါဆိုင်ရာကုသမှု အချက်အလက်များအား စဉ်ဆက်မပြတ်သုတေသနပြုဆောင်ရွက်ပြီး ကုသမှုလမ်းညွှန်မူဝါဒများရေးဆွဲပေးခြင်းနှင့် ကမ္ဘာ့နေရာအသီးသီးတို့တွင် AO Course သင်တန်းများ ပို့ချပေးခြင်းဖြစ်သည်။ ယခုလ ဒုတိယပတ်တွင် ကျင်းပမည့် AO Principle of Fracture Fixation Basic Course သည် အရိုးကျိုးခြင်းများကို စနစ်တကျ နည်းမှန်လမ်းမှန်ဖြင့် နည်းပညာမြင့် နည်းစနစ်များအပေါ်အခြေခံ၍ မှန်ကန်စွာခွဲစိတ်ကုသပြီး မူလအတိုင်းအရိုးပြန်ဆက်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ အရိုးကျိုးလူနာများသည် လူမှုအဖွဲ့အစည်းတွင် ပုံမှန်သွားလာလှုပ်ရှားနိုင်သော လူမှုသုခနှင့် လူမှုဘဝအရည်အသွေး(Quality of Life) ကို ပြန်လည်ရရှိစေမည်ဖြစ်သည်။ AO Course သင်တန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျင်းပပြုလုပ်ကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ခေတ်မီနည်းပညာပိုင်းဆိုင်ရာနှင့် လက်တွေ့သင်ကြားမှုအတွက် သင်ထောက်ကူပစ္စည်းများဆိုင်ရာ တန်ဖိုးကြီးမားပြီး ကန့်သတ်ချက်များရှိသောကြောင့် လက်လှမ်းမီကျင်းပရန် ခက်ခဲသည့်အတွက် ယခုကဲ့သို့ မြန်မာနိုင်ငံတွင် တပ်မတော်ဆေးတပ်ဖွဲ့မှ ဦးစီးကျင်းပနိုင်ခြင်းသည် တပ်မတော်၏ပုံရိပ်ကို အရှေ့ရပ်မှနေဝန်းကြီး ပေါ်ထွန်းစေသည့်ပမာ လင်းလက်စေလျက်ရှိပြီး နိုင်ငံ၏ဂုဏ်ကိုမြှင့်တင်စေလျက်ရှိသည်။



အလုပ်ရုံဆွေးနွေးပွဲ၌ အရိုးတုများဖြင့် လက်တွေ့ခွဲစိတ်သရုပ်ပြသစဉ်။

**○ ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန်နှင့် ဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် စွမ်းရည်ထက်မြက်သော ကုသမှုဆိုင်ရာများကို ကြိုးပမ်းရှာဖွေနေမည့် တပ်မတော်ဆေးတပ်ဖွဲ့အား ပြည်သူနှင့်တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် အစဉ်လေးစားဂုဏ်ယူနေမည်ဖြစ်ပြီး မြန်မာ့တပ်မတော်၏ဂုဏ်ကို အစဉ်ထွန်းလင်းတောက်ပစေလျက်ရှိ**

**ဆေးတပ်ဖွဲ့၏ ဂုဏ်ကိုဆောင်နိုင်ခဲ့**

မြန်မာ့တပ်မတော်သည် တိုက်ပွဲအတွင်းထိခိုက်ဒဏ်ရာပြုစုကုသမှု (Combat Injury Management) နှင့်ပတ်သက်လျှင် အတွေ့အကြုံများသော ဆေးတပ်ဖွဲ့ဖြစ်သည်။ ထို့ကြောင့် အလုပ်ရုံဆွေးနွေးပွဲတွင် တည့်သွင်းကျင်းပသည့် အာဆီယံအဆင့် အရိုးဆရာဝန်များနှင့် ပြုလုပ်သည့် Webinar ဆွေးနွေးပွဲတွင် တိုက်ပွဲတွင်းထိခိုက်ဒဏ်ရာ(Combat Injury)နှင့် ဆက်စပ်အရိုးကျိုးခြင်းနှင့် ပတ်သက်၍ ဦးဆောင်ကဏ္ဍမှ ဆွေးနွေးနိုင်ခဲ့ခြင်းသည် မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့၏ ဂုဏ်ကိုဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါလှိုင်းများကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ဆေးအကာအကွယ်ပေးနိုင်မှု အင်္ဂါစဉ် အခြေခံအဆင့် (Low level echelon)မှ ပါရဂူဆေးမှူးငယ်များကို Telemedicine နည်းပညာသုံး ပလက်ဖောင်းများမှ တစ်ဆင့်လိုအပ်သော ဆေးဝါးကုသမှုဆိုင်ရာ အကြံဉာဏ်နှင့်စွမ်းဆောင်ရည်တို့ကို လက်ဆင့်ကမ်းပေးနိုင်ခဲ့သည်။ တိုက်ပွဲအတွင်းထိခိုက်ဒဏ်ရာပြုစုကုသမှုနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများသည် မည်သည့်နေရာတွင် ဖြစ်စေဆောင်ရွက်နိုင်ပြီး လုပ်ကိုင်ဆောင်ရွက်ရန် အခက်အခဲရှိလာပါက Telemedicine နည်းပညာနှင့်ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးနိုင်စေရန်နှင့် သုတေသနတွေ့ရှိချက်များကို အလားတူ ညီလာခံများတွင် ဖတ်ကြားတင်သွင်းနိုင်ရန် နယ်ပယ်ဒေသအသီးသီးမှ မျိုးဆက်သစ် အရိုးရောဂါပါရဂူများအား လှုံ့ဆော်လမ်းညွှန်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးအား နိုင်ငံတကာအဆင့်မီဆေးရုံကြီးအဖြစ် ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှုပင် ဖြစ်သည်။

ယခင်ကပင် အရိုးရောဂါဆိုင်ရာ ခွဲစိတ်ကုသမှုများနှင့် ရလဒ်များအား သုတေသနပြုလုပ်ခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲများပြုလုပ်ခြင်းသည် သုတေသနလုပ်ငန်းများအား တပ်မတော်ဆေးသုတေသနနှင့် ပြည်တွင်း၊ ပြည်ပ ပေါင်းစပ်ဆောင်ရွက်နိုင်မှုဖြင့် တပ်မတော်၏တိုက်စွမ်းအား( Combat Power) ကို အထောက်အပံ့ဖြစ်စေမည့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ နိုင်ငံတကာအဆင့်မီ အရိုးရောဂါဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုဆောင်ရွက်ရန် အခက်အခဲများစွာရှိပြီး ပြည်တွင်း၊ ပြည်ပ ပါမောက္ခ ဆရာဝန်ကြီးများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရိုးပါရဂူများအားလုံး လွှမ်းခြုံလေ့လာနိုင်ရန် အချိန်ယူဆောင်ရွက်ရခြင်း၊ စာတွေ့ လက်တွေ့ သင်ခန်းစာများလေ့ကျင့်နိုင်ရန် အရိုးတုနှင့် အရိုးခွဲစိတ်မှု သင်ထောက်ကူဆိုင်ရာပစ္စည်းများ ပြင်ဆင်မှုလုပ်ငန်းတို့တွင် ကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ နိုင်ငံတကာတွင် အဆိုပါပွဲများတက်ရောက်နိုင်ရန် ငွေကြေးကုန်ကျမှုရှိသော်လည်း မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့် အသိပညာအတွေ့အကြုံများကို တပ်မတော်ဆေးတပ်ဖွဲ့မှ အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းတို့သည် တပ်မတော်အရိုးကု

*စာမျက်နှာ ၇ သို့*

# နေပြည်တော်အတွင်းရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များ မေ ၁၂ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်များ၏ လိုအပ်ချက်များ ပေါင်းစပ်ဆောင်ရွက်ပေးရေးနှင့် ထောက်ပံ့ငွေချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် နေပြည်တော်ကောင်စီအနေဖြင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို တင်ပြပေးစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် ဆရာ ဆရာမများ အောင်မြင်စွာ သင်ကြားပို့ချနိုင်ရေးတို့အတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်း၊ တက္ကသိုလ်များ ဖွင့်လှစ်ချိန်တွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများရှိပါက ထိုးနှံနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များက တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က တက္ကသိုလ်/ ဒီဂရီကောလိပ်များအား တစ်ကျောင်းလျှင် ငွေကျပ်ငါးသိန်းနှုန်းကို သက်ဆိုင်ရာ တက္ကသိုလ်/ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များထံ ထောက်ပံ့ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ကမ္ဘာ့သတင်းမီဒီယာကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)သည် ကောင်စီဝင် ဦးအေးချမ်းနှင့်အတူ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကမ္ဘာ့သတင်းမီဒီယာကောင်စီ (World Association of Press Councils –WAPC) က ဦးဆောင်ကျင်းပသော ကမ္ဘာ့ သတင်းမီဒီယာကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ရန် မေ ၂ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့သည်။



ကင်ညာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ညီလာခံသို့ တက်ရောက်လာသော သတင်းမီဒီယာကောင်စီဥက္ကဋ္ဌများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ရိုဘီမြို့ Safari Park Hotel တွင် မေ ၃ ရက်နှင့် ၄ ရက်၌ ကျင်းပသော ကမ္ဘာ့သတင်းမီဒီယာကောင်စီ အဖွဲ့ဝင်နိုင်ငံ ဥက္ကဋ္ဌများ မိတ်ဆက်တွေ့ဆုံခြင်း၊ အထွေထွေညှိနှိုင်းဆွေးနွေးခြင်း အခမ်းအနားများသို့ တက်ရောက်သည်။

မေ ၅ ရက်တွင် MCK (Media Council of Kenya) ၏ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားနှင့် ကမ္ဘာ့သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ Prof.Dr.Sule. Aker ဦးဆောင်ကျင်းပသော နိုင်ငံအလိုက် အစီရင်ခံစာတင်သွင်းခြင်း အခမ်းအနားများတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက အစီရင်ခံစာ တင်သွင်းရာတွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ အရင်းခံကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး လက်ရှိအစိုးရ၏ စစ်မှန်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်ရေးအတွက် မိမိတို့ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာအချို့၏ သတင်းတု၊ သတင်းမှားများကြောင့် ဖြစ်ပေါ်ခဲ့သည့် ကိစ္စရပ်များ၊ လက်ရှိ အခြေအနေ တိုးတက် ကောင်းမွန်နေမှုများ၊ အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုနှုန်း လျော့နည်းကျဆင်းနေမှုများကို ရှင်းလင်းပြောကြားပြီး မိတ်ဆွေနိုင်ငံများအနေဖြင့် သတင်းအချက်အလက်အမှန်များ သိရှိလိုပါက မိမိတို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ဆက်သွယ်ဆောင်ရွက်ပြီး သတင်းအမှန်များကိုသာ ဖြန့်ချိပေးစေလိုပါကြောင်း ပြောကြားသည်။

ကမ္ဘာ့ သတင်းမီဒီယာကောင်စီ အဖွဲ့ဝင်နိုင်ငံများသည် မေ ၆ ရက်နှင့် ၇ ရက်တို့တွင် ကင်ညာသတင်းမီဒီယာကောင်စီ (KPC) ရုံးချုပ်၊ နိုင်ငံ၏ အကြီးဆုံး ရုပ်သံလွှင့်လုပ်ငန်းဖြစ်သော KBC (Kenya Broadcasting Coporation) နှင့် ပုဂ္ဂလိကပိုင် Nations Media Group၊ နိုင်ရိုဘီ အမျိုးသား သဘာဝဥယျာဉ်များသို့ သွားရောက်လေ့လာကြသည်။

ကမ္ဘာ့သတင်းမီဒီယာကောင်စီ၏ ခြောက်ရက်တာ ညီလာခံအပြီးတွင် ညီလာခံတက်ရောက်သည့် အဖွဲ့ဝင်နိုင်ငံများ၏ ဥက္ကဋ္ဌများ လက်မှတ်ရေးထိုးသော သဘောထား ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကြေညာချက်မူကြမ်းကို မြန်မာနိုင်ငံက ပုံဖော်ရေးသားပြုစုပေးခဲ့သည်။

ယခုအခါ ကမ္ဘာ့သတင်း မီဒီယာကောင်စီတွင် အဖွဲ့ဝင်နိုင်ငံ ပေါင်း ၂၆ နိုင်ငံရှိပြီး တစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိသော ညီလာခံကို ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ၂၀၂၀/၂၀၂၁ ခုနှစ်များတွင် ကျင်းပနိုင်ခြင်း မရှိဘဲ ယခု ၂၀၂၂ ခုနှစ်တွင်မှ ပြန်လည် ကျင်းပနိုင်ခြင်းဖြစ်ပြီး နောင်နှစ်များတွင် ပုံမှန်ပြန်လည် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ကောင်စီဝင် ဦးအေးချမ်းတို့သည် မေ ၉ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နတ်တလင်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နတ်တလင်း မေ ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်း ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် မေ ၉ ရက် နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးအေးသန့်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက် / ကျေးရွာအုပ်စုများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ သောက်ရေ သုံးရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေး ပြောကြားခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။**(အောက်ပုံ)**

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များက လိုက်ပါကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**



**သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်**
**သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ**

*စာမျက်နှာ ၆ မှ*

ဆရာဝန်များ၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်လျက်ရှိသည်။ အထူးသဖြင့် ဆေးပညာ နှီးနှောဖလှယ်ပွဲကြီး (Main Conference)၏ ပုံရိပ်ကို တန်ဖိုးမြင့်မားစေလျက်ရှိရာ မြန်မာ့တပ်မတော် ဆေးပညာ၏ စွမ်းရည်မြင့်မားမှုကို နိုင်ငံတကာ အဆင့်မီကြောင်း ထုတ်ဖော်ပြသနိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် လူ့ခန္ဓာကိုယ်တွင် ဆေးပညာနှင့် ခွဲစိတ်ကုသမှုတို့အတွက် ကျန်းမာရေးကုသမှုအပိုင်းသည် အရေးပါသောကြောင့် အောင်မြင်စွာကုသနိုင်ရန် သုတေသနလုပ်ငန်းသည် အထူးလိုအပ်ခြင်းဖြစ်သည်။ သုတေသနလုပ်ငန်း၏ အသီးအပွင့်သည် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများဖြစ်သောကြောင့် တပ်မတော်ဆေးတပ်ဖွဲ့အနေဖြင့် နှီးနှောဖလှယ်ပွဲများနှင့် သုတေသနလုပ်ငန်းသည် အပြန်အလှန်အမှီပြုနေမှုကို ဆက်လက်ဖော်ဆောင်ကျင်းပခြင်းဖြင့် နိုင်ငံ၏ဆေးပညာနှင့် တပ်မတော်၏ ဆေးပညာရပ်သည် ဒေသတွင်းနိုင်ငံများကြား၌ ဂုဏ်သတင်း ထွန်းလင်းနေမည်ဖြစ်သည်။ တပ်မတော်ဆေးတပ်ဖွဲ့အား စတင်တည်ထောင်ခဲ့ကြသော ဆေးတပ်ဖွဲ့၏ မိခင်၊ ဖခင်ကြီးများသည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုမှစတင်၍ ကိုယ်ကျိုးမဖက် မိမိတို့ တတ်သိသောပညာဖြင့် နိုင်ငံလွတ်လပ်ရေးအတွက် တစ်တပ်တစ်အားပါဝင်ခဲ့ကြသော တပ်မတော်ဆေးတပ်ဖွဲ့ဖြစ်သည်။ ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန်နှင့် ဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် စွမ်းရည်ထက်မြက်သော ကုသမှုဆိုင်ရာများကို ကြိုးပမ်းရှာဖွေနေမည့် တပ်မတော်ဆေးတပ်ဖွဲ့အား ပြည်သူနှင့်တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် အစဉ်လေးစားဂုဏ်ယူနေမည်ဖြစ်ပြီး မြန်မာ့တပ်မတော်၏ဂုဏ်ကို အစဉ်ထွန်းလင်းတောက်ပစေလျက်ရှိနေပါကြောင်း (၂၉) ကြိမ်မြောက် တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲအား ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

❋ ရှေ့ဖုံးမှ

ဥပဒေရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD)လိုင်စင်ရဘဏ်များ ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်-

(က) AD လိုင်စင်ရဘဏ်များမှ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခြင်း၊
(၃ နှစ်ကြာကာလအတွင်း)

( ခ ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဆက်သွယ်ခေါ်ယူ စာရင်းရှင်းလင်းခြင်း၊
(ရက်ပေါင်း ၆၀)

( ဂ ) သတင်းစာများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် စာရင်းရှင်းလင်းရန် ကြေညာခြင်း၊
(ရက်ပေါင်း ၆၀)

(ဃ) စာရင်းရှင်းလင်းမှုမရှိသူများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (ပသက) ပိတ်သိမ်းခြင်း၊
(ရက်ပေါင်း ၃၀)


သို့သော်လည်း ဩရိဿ၊ အင်ဒရာပရာဒေ့ရှ်နှင့် အနောက်ဘင်္ဂလားကမ်းရိုးတန်းဒေသများတွင် မေ ၉ ရက်ညနေခင်းမှ မေ ၁၂ ရက်အထိ ကာလအတွင်း အသင့်အတင့်မှ မိုးကြီးနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားသည်။ ပင်လယ်ပြင်အခြေအနေမှာ လှိုင်းကြီးနိုင်သောကြောင့် ကမ်းရိုးတန်းဒေသရှိ တံငါသည်များကို ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခြင်းမပြုရန်နှင့် ပင်လယ်ပြင်၌ရောက်နေပါကလည်း ချက်ချင်းပြန်ရန် တိုက်တွန်းထားသည်။ ထို့အပြင် မြေနိမ့်ဒေသများတွင်ရှိသော အိမ်ထောင်စုများကိုဘေးကင်းရာသို့ ကူညီရွှေ့ပြောင်းရန် ဒေသအစိုးရက ဆုံးဖြတ်ထားသည်။ **ဆင်ဟွာ**

# ရေကြီးမှုကို ကြိုတင်ပြင်ဆင်ရန် ကုလသမဂ္ဂက တောင်ဆူဒန်နိုင်ငံကို အမေရိကန်ဒေါ်လာ ၁၉ သန်း ထောက်ပံ့

**ဂျူဘာ မေ ၉**

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီက မိုးရာသီတွင် ရေကြီးရေလျှံမှုများအတွက် ကြိုတင်ပြင်ဆင်ထားရန် တောင်ဆူဒန်နိုင်ငံအား အမေရိကန်ဒေါ်လာ ၁၉ သန်း ကူညီရန် ထုတ်ပြန်ထားခဲ့ကြောင်း ပြောကြားခဲ့သည်။

ဘင်တူပြည်နယ်တွင်း နေရပ်စွန့်ခွာစခန်းတွင် ခိုလှုံနေသူများနှင့် ရေလွှမ်းမိုးမှုဒဏ်ကို အများဆုံး ခံရသည့် ဒေသတွင်နေထိုင်သူများအတွက် ရန်ပုံငွေများကို ကူညီရေးအေဂျင်စီများထံသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) က ပြောကြားခဲ့သည်။

တောင်ဆူဒန်နိုင်ငံ မြို့တော်ဂျူဘာမြို့တွင် သုံးနှစ်အတွင်း မကြုံဖူးသည့် ရေလွှမ်းမိုးမှုဖြစ်ပွားခြင်းကြောင့် လူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း မေ ၇ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဆာရာဘေးဆိုလို နာရတီက ပြောကြားခဲ့သည်။

မိုးရာသီစတင်ရောက်ရှိလာပြီဖြစ်သောကြောင့် အဆိုပါရန်ပုံငွေသည် ဘင်တူပြည်နယ်တွင်းနေရပ်စွန့်ခွာစခန်းတွင် နေထိုင်သော လူမှုအသိုင်းအဝိုင်းများအတွက် ရေကြီးမှုအန္တရာယ်ကို ကြိုတင်ပြင်ဆင်ခြင်းနှင့် ကာကွယ်ခြင်းဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကို အထောက်အကူ ပြုမည်ဖြစ်ကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဆာရာဘေးဆိုလို နာရတီက ဆက်လက်ပြောကြားခဲ့သည်။



တောင်ဆူဒန်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်က ရေကြီးမှုဖြစ်ပွားခဲ့စဉ်။

တောင်ဆူဒန် နိုင်ငံသည် လာမည့်လများအတွင်း ရေကြီးရေလျှံမှုကို လေးနှစ်ဆက်တိုက် ကြုံတွေ့ရနိုင်ကြောင်း ခန့်မှန်းထားသည်။ တောင်ဆူဒန်နိုင်ငံ၌ ပြီးခဲ့သည့်လက ရေကြီးရေလျှံမှုမှာ ပြည်သူ ရှစ်သိန်းကျော်ကို သက်ရောက်မှုရှိကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၁၅၃ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၉**

မလေးရှားနိုင်ငံ၌ မေ ၈ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၁၅၃ ဦးရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၄၅၈၈၈၉ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ နှစ်ဦးရှိပြီး ဒေသတွင်းကူးစက်ခံရသူ ၂၁၅၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ လေးဦးရှိရာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၃၅၅၈၃ ဦး ရှိလာပြီဖြစ်သည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ မှ နောက်ထပ် ပြန်လည်ကျန်းမာလာသူ ၂၈၆၉ ဦးရှိလာသဖြင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၄၀၀၇၅၀ ရှိလာပြီဖြစ်သည်။ လက်ရှိတွင် မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၂၂၅၅၆ ဦးရှိသည့်အနက် ၈၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရပြီး ၅၉ ဦးမှာ အသက်ရှူအထောက်အကူပြု ကိရိယာများ လိုအပ်နေကြောင်း သိရသည်။ မလေးရှားနိုင်ငံ၌ မေ ၈ ရက် တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၆၅၈၄ လုံး ထိုးနှံပေးခဲ့သည်။ မလေးရှားနိုင်ငံတွင် နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၁ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ် ထိုးနှံပြီးဖြစ်ပြီး ၈၂ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးဖြစ်၍ ၄၉ ဒသမ ၁ ရာခိုင်နှုန်းမှာ အပိုဆောင်းကာကွယ်ဆေး ထိုးနှံပြီးဖြစ်ကြောင်း ထုတ်ပြန်ဖော်ပြထားသည်။ **ဆင်ဟွာ**

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၇၅ | ၂၂၉၅ |
| 95 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၀ | ၂၂၅၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၈၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၃၅ | ၂၃၇၅ |
| HSD (500 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၂၄၇၀ |
| HSD (50 ppm) | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၇၅ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၂၅၀၀ |
| HSD (10 ppm) | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၇၅ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၂၅၀၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၂ | ၂၀၄၅ |
| 95 Ron | ၂၀၂၈ | ၂၁၀၂ |
| HSD (500 ppm) | ၂၁၉၀ | ၂၂၆၃ |
| HSD (50 ppm) | ၂၂၁၇ | ၂၂၉၁ |
| HSD (10 ppm) | ၂၂၁၇ | ၂၂၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## ယခုဖြစ်ပေါ်နေသည့်မုန်တိုင်းသည် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မုန်တိုင်းဒီရေမြင့်တက်လာခြင်းများ ကြုံတွေ့လာနိုင်

**နေပြည်တော် မေ ၉**

ဘင်္ဂလားပင်လယ်အော်အတွင်း လက်ရှိဖြစ်ပေါ်နေသည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အာစန်နီဖြတ်သန်းရာ ခန့်မှန်းလမ်းကြောင်းနှင့် ဆက်စပ်သတင်းအချက်အလက်များကို အခြေခံ၍ လိုအပ်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၌ ဖွင့်လှစ်ထားရှိသည့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာနသို့ရောက်ရှိကာ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များ၊ နိုင်ငံတကာ မိုးလေဝသ Website များမှ အချက်အလက်များကို ရယူ၍ လိုအပ်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးစဉ် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "အာစန်နီ(Asani)" ၏ တည်နေရာ၊ ဗဟိုလေတိုက်နှုန်း၊ မုန်တိုင်း ဖြတ်သန်းမည့် ခန့်မှန်းရွေ့လျားလမ်းကြောင်းများနှင့်တကွ ဆိုင်ကလုန်းမုန်တိုင်း၏ မြန်မာနိုင်ငံအပေါ် သက်ရောက်နိုင်မှုအခြေအနေများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဌာနကြီးမှူး ဒေါ်သီရိမောင်က ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များ ဖြည့်စွက်တင်ပြသည်။



တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မုန်တိုင်းဖြစ်ပေါ်နေစဉ် အချိန်ကာလအတွင်း မုန်တိုင်းဖြတ်သန်းမည့် ခန့်မှန်းလမ်းကြောင်းကို နေ့ရက်အချိန်အလိုက် စဉ်ဆက်မပြတ်စောင့်ကြည့်စေလိုကြောင်း၊ သို့မှသာ မုန်တိုင်းလမ်းကြောင်းပြောင်းလဲမှုနှင့် သက်ရောက်မှုကို အချိန်မီသိရှိနိုင်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ (Asani)" ၏ သတင်းအချက်အလက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံသို့ အချိန်နှင့်တစ်ပြေးညီတင်ပြရန်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆက်လက်ဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ ယခုမုန်တိုင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၊ လိုအပ်သော သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယခုဖြစ်ပေါ်နေသည့်မုန်တိုင်းသည် မြန်မာနိုင်ငံဘက်သို့ ဦးတည်ဖြတ်သန်းနိုင်ခြေ နည်းပါးသော်လည်း မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မုန်တိုင်းဒီရေမြင့်တက်လာခြင်းများ ကြုံတွေ့လာနိုင်သည်ဖြစ်ရာ မုန်တိုင်းသက်ရောက်နိုင်ခြေရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် မုန်တိုင်းနှင့် စပ်လျဉ်း၍ ပြည်သူများ သတိပြုမိနိုင်ရေးအပါအဝင် လိုအပ်ပါက တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်နိုင်ရေး အသိပေးရန်လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ရွေ့ပြေးစီမံချက် အကောင်အထည်ဖော်မှု မိတ်ဆက်ခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် (ယာယီဗဟို အလုပ်အမှုဆောင်အဖွဲ့) ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် (ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့)၊ မသန်စွမ်းအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကနဦးစီမံကိန်းနယ်မြေ (၄)ခု ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ကရင်ပြည်နယ် ဘားအံမြို့နယ်တို့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာသည့် အတွေ့အကြုံ၊ သင်ခန်းစာနှင့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်၍ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မေ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

**(၉–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက် လျက်ရှိပြီး (၈–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၃၃,၄၀၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၁၃,၀၅၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၉၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၉–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၁၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၂) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၂၉) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၇၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၆၇၇) ခု | (၁) ဦး |
| **စုစုပေါင်း** | (၈,၄၁၈) ခု | (၃) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထား သူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်း များစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၉-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၅၈၁၇၁၅ | ၈၀၉၄၄၈၅၇ | ၁၀၂၄၅၄၆ |
| ၂။ | အိန္ဒိယ | ၄၃၁၀၅၄၀၁ | ၄၂၅၆၀၉၀၅ | ၅၂၄၀၉၃ |
| ၃။ | ဘရာဇီး | ၃၀၅၆၄၅၃၆ | ၂၉၆၂၉၄၂၀ | ၆၆၄၁၈၉ |
| ၄။ | ပြင်သစ် | ၂၈၉၅၇၄၂၁ | ၂၇၆၄၄၁၁၀ | ၁၄၆၇၂၄ |
| ၅။ | ဂျာမနီ | ၂၅၃၄၅၃၅၇ | ၂၃၃၇၃၂၀၀ | ၁၃၆၉၂၅ |
| ၆။ | ဗြိတိန် | ၂၂၁၁၄၀၃၄ | ၂၁၅၂၄၃၆၂ | ၁၇၆၂၁၂ |
| ၇။ | ရုရှား | ၁၈၂၃၂၆၉၆ | ၁၇၆၀၉၃၅၇ | ၃၇၇၀၄၉ |
| ၈။ | တောင်ကိုရီးယား | ၁၇၅၆၄၉၉၉ | စိစစ်ဆဲ | ၂၃၄၀၀ |
| ၉။ | အီတလီ | ၁၆၇၉၈၉၉၈ | ၁၅၄၇၁၉၉၂ | ၁၆၄၄၈၉ |
| ၁၀။ | တူရကီ | ၁၅၀၄၃၃၇၉ | ၁၄၉၄၁၄၁၉ | ၉၈၈၄၆ |

## ၉-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၇၈၃၅၉ | ၉၃၂၂၁၆၅ | ၄၃၀၅၇ |
| အင်ဒိုနီးရှား | ၆၀၄၈၆၈၅ | ၅၈၈၆၂၁၁ | ၁၅၆၃၉၆ |
| မလေးရှား | ၄၄၅၈၈၈၉ | ၄၄၀၀၇၅၀ | ၃၅၅၈၃ |
| ထိုင်း | ၄၃၃၁၃၃၈ | ၄၂၁၇၂၃၈ | ၂၉၁၄၆ |
| ဖိလစ်ပိုင် | ၃၆၈၇၁၉၇ | ၃၆၂၂၈၅၂ | ၆၀၄၃၉ |
| စင်ကာပူ | ၁၂၁၇၉၂၂ | ၁၁၅၀၃၆၆ | ၁၃၅၂ |
| မြန်မာ | ၆၁၃၀၅၆ | ၅၉၁၉၈၁ | ၁၉၄၃၄ |
| လာအို | ၂၀၈၇၅၉ | ၂၀၇၁၈၂ | ၇၅၁ |
| ဘရူနိုင်း | ၁၄၃၁၀၇ | ၁၄၁၈၃၆ | ၂၁၉ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၂ | ၃၀၅၆ |

# ပလတ်စတစ်ညစ်ညမ်းမှု (သို့မဟုတ်) လူသားမျိုးဆက်အတွက် သံချောင်းခေါက်သံ

သီဟစည်သူ

**ထုထည်ကြီးမားလှသည့် ပလတ်စတစ် ညစ်ညမ်းမှုများသည် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ဖြစ်ပေါ်စေသည့်အပြင် ယခုအခါ သေးငယ်လှသည့် ပလတ်စတစ်အမှုန် အမွှားများသည် ဧဝရက်တောင် ထိပ်မှအစ သမုဒ္ဒရာအဆုံး ဤဘဒ္ဒကမ္ဘာမြေကြီးနှင့် သက်ရှိသက်မဲ့ဇီဝမျိုးစုံမျိုးကွဲများနှင့် သတ္တဝါအပေါင်းကို ဆိုးဝါးစွာဒုက္ခပေးနေပြီ**

လူ့သွေးအတွင်း မိုက်ခရိုပလတ်စတစ် အမှုန်အမွှားများကို သိပ္ပံပညာရှင်များက ပထမဆုံး စစ်ဆေးတွေ့ရှိခဲ့ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဂျာနယ်တစ်စောင်ကို ကိုးကားဖော်ပြထားသည့် သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရသည်။

### သုတေသနပြု လေ့လာ

မိုက်ခရိုပလတ်စတစ်နှင့် ပတ်သက်၍ အရွယ်ရောက်ပြီး ကျန်းမာသန်စွမ်းသူ ၂၂ ဦး၏ သွေးနမူနာများအနက် ၁၇ ဦးတို့၏ သွေးများထဲတွင် ပလတ်စတစ်အမှုန်အမွှားများကို စစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ထိုသွေးနမူနာများအနက် ထက်ဝက်ခန့်တွင် PET ဟုခေါ်သည့် ပလတ်စတစ်အမှုန်အမွှားများ ပါရှိနေကြောင်း စစ်ဆေးမှုရလဒ်များက ဖော်ပြသည်။ အဆိုပါ PET ပလတ်စတစ်အမှုန်အမွှားများသည် လူအများ နေ့စဉ်အသုံးပြုနေသည့် တစ်ခါသုံးခွက်များ၊ ပလတ်စတစ် ရေဘူးများ၊ အစားအစာ ထုပ်ပိုးသော အိတ်များပြုလုပ်သည့် ပိုလီအီသိုင်လင်းပါဝင်သည့် ပလတ်စတစ် ပစ္စည်းများကို အဓိကထား သုတေသနပြု လေ့လာစစ်ဆေးခဲ့ခြင်းဖြစ်သည်။

"ပထမဆုံး သွေးနမူနာထဲမှာ စစ်ဆေးတွေ့ရှိခဲ့တာကတော့ ပိုလီမာအမှုန်တွေ ဖြစ်ပါတယ်၊ သွေးထဲမှာ ဒီလို အမှုန်အမွှားတွေ တွေ့ရှိတဲ့ အကျိုးဆက်ကိုတော့ နောက်ထပ် လေ့လာဆန်းစစ်မှုတွေ အများကြီး ဆက်လုပ်နေဆဲပါ၊ ဒီအကျိုးဆက်ဟာ ဖြေရှင်းလို့မရနိုင်သေးတဲ့ ပုစ္ဆာတွေပါပဲ၊ ဆက်လက်လေ့လာဖို့ အများကြီး ကျန်ပါသေး"ဟု မိုက်ခရိုနှင့် နာနိုပလတ်စတစ်အမှုန်အမွှားများနှင့် ပတ်သက်၍ လေ့လာရေးအစီအစဉ်ကို ဦးဆောင်သူ နယ်သာလန်နိုင်ငံ အမ်စတာဒန်မြို့ရှိ Vrjie တက္ကသိုလ်မှ ဂေဟဗေဒပညာရှင် ပါမောက္ခ ဒစ်ခ်ဗက်သက်ခ်က ဆိုသည်။

အဆိုပါ သေးငယ်လှသည့် ပလတ်စတစ်အမှုန်အမွှားများသည် ညစ်ညမ်းသောလေကို ရှူရှိုက်မိခြင်းနှင့် အစားအစာ၊ သောက်သုံးရေတို့မှတစ်ဆင့် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ အတွင်းသို့ ပျံ့နှံ့ရောက်ရှိ သွားပြီးနောက် ယင်းပလတ်စတစ် အမှုန်အမွှားများကြောင့် လူ့ခန္ဓာကိုယ်ဆဲလ်များကို ပျက်စီးစေခြင်းများ ဖြစ်ပေါ်စေနိုင်ခြင်း နှင့် ယင်း၏ အကျိုးဆက်ကြောင့် နှစ်စဉ် နှစ်တိုင်း သန်းပေါင်းများစွာသော လူသားတို့သည် အချိန်မတိုင်မီ သေဆုံးမှုများ ဖြစ်ပေါ်နေခြင်းဖြစ်နိုင်ကြောင်း လေ့လာသူများက ထောက်ခံအတည်ပြုထားသည်။

ထုထည်ကြီးမားလှသည့် ပလတ်စတစ် ညစ်ညမ်းမှုများသည် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ဖြစ်ပေါ်စေသည့်အပြင် ယခုအခါ သေးငယ်လှသည့် ပလတ်စတစ်အမှုန်အမွှားများသည် ဧဝရက်တောင်ထိပ်မှအစ သမုဒ္ဒရာအဆုံး ဤဘဒ္ဒကမ္ဘာမြေကြီးနှင့် သက်ရှိသက်မဲ့ဇီဝမျိုးစုံမျိုးကွဲများနှင့် သတ္တဝါအပေါင်းကို ဆိုးရွားစွာဒုက္ခပေးနေပြီဖြစ်သည်။ အဆိုပါ ပလတ်စတစ်အမှုန်အမွှားများသည် မွေးကင်းစကလေးငယ်ကအစ အရွယ်ရောက်သူ လူကြီးအဆုံး ၎င်းတို့၏ မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ရောက်ရှိ လျက်ရှိကြောင်း လေ့လာမှုရလဒ်များက ဆိုသည်။

ဗြိတိန်နိုင်ငံ၊ ပို့စ်မောက် တက္ကသိုလ်မှ ဒေါက်တာ ဖေးကော်ချယ်ရီ ဦးဆောင်သည့် မိုက်ခရိုပလတ်စတစ် များဆိုင်ရာ အဖွဲ့သစ်ကလည်း ပလတ်စတစ်ညစ်ညမ်းမှု၏ ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို သုတေသနစတင်နေပြီဖြစ်သည်။ ၎င်းတို့၏ ပထမဆုံး ပရောဂျက်သည် ပို့စ်မောက်တက္ကသိုလ် NHS ဆေးရုံနှင့် ပူးပေါင်း၍ နာတာရှည် အဆုတ်ရောဂါ (COPD) နှင့် ပန်းနာရင်ကျပ်ဝေဒနာရှင်များ၏ အဆုတ်အတွင်း မိုက်ခရိုပလတ်စတစ်များပါဝင်မှုကို စုံစမ်းစစ်ဆေးခဲ့သည်။ ဒေါက်တာ ဖေးကော်ချယ်ရီ ဦးဆောင်သော သုတေသနပြုချက်များအရ လူသားများသည် ၎င်းတို့၏ နေအိမ်အတွင်းမှ နေ့စဉ် မိုက်ခရိုပလတ်စတစ် ၂၀၀၀ နှင့် ၇၀၀၀ ကြား ရှူရှိုက်၊ မျိုချနေကြကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

### သွေးကြောများကို ပိတ်ဆို့

လေ့လာမှုများအရ သွေးများထဲတွင် ရောက်ရှိနေသည့် မိုက်ခရိုပလတ်စတစ် အမှုန်အမွှားများက လူ့သွေးကြောများကို ပိတ်ဆို့ပျက်စီးမှုများ ဖြစ်ပွားစေနိုင်ကြောင်း သုံးသပ်ထားသည်။ ထို့အတူ မိုက်ခရိုနှင့် နာနိုပလတ်စတစ်အမှုန်အမွှားများသည် ကိုယ်ဝန်ဆောင်မိခင်၏ ခန္ဓာကိုယ်ဆဲလ်များ၊ အချင်းတိုင်နှင့် အချင်းအတွင်း၌ တွေ့ရှိနေရသဖြင့် နောင်မွေးဖွားလာမည့် လူသားမျိုးဆက်အတွက်ပါ အန္တရာယ်ရှိလာပြီဖြစ်ကြောင်း သုတေသီများက ဆိုသည်။

ပို့စ်မောက် ဆေးရုံကောလိပ်မှ NHS အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျွမ်းကျင်သူ ပါမောက္ခ အန်နွတ်ဂျီဗင်ချော်ဟန်က ဤစစ်ဆေးတွေ့ရှိချက်သည် အမှန်တကယ်ပင် တုန်လှုပ်ဖွယ်ဖြစ်ပြီး ကျွန်ုပ်တို့ နှစ်စဉ် မိုက်ခရိုပလတ်စတစ် အမှုန်အမွှားတစ်သန်းကနေ ရှစ်သန်းခန့် ရှူသွင်းခြင်း သို့မဟုတ် မျိုချမိခြင်းများ ဖြစ်နိုင်ပြီး ယင်းအမှုန်အမွှားများသည် လူ့ခန္ဓာကိုယ်အတွက် မည်မျှထိခိုက်နိုင်မည်ဆိုသည်ကို တွေးကြည့်ရန်ပင် ခက်ခဲသည်ဟု မှတ်ချက်ပြုသည်။

၂၀၂၀ ပြည့်နှစ်အတွင်းက အိန္ဒိယနိုင်ငံ အမျိုးသားစံချိန်စံညွှန်းနှင့် နည်းပညာအင်စတီကျုမှ ပြုလုပ်သည့် လေ့လာမှုတစ်ရပ်တွင်လည်း တစ်ခါသုံး အပူခံခွက်တစ်ခွက်တွင် မိုက်ခရိုပလတ်စတစ်အမှုန် ၂၅၀၀၀ ခန့်၊ ဇင့်၊ ခဲနှင့် ခရိုမီယံဓာတ်များ ပါဝင်ကြောင်း၊ အဆိုပါ ခွက်များမှ ၁၀၀ ဒီဂရီဆဲလ်စီးယပ် အပူချိန်တွင် တစ်လီတာ ပမာဏလျှင် သန်းပေါင်းများစွာသော နာနိုပလတ်စတစ်အမှုန်အမွှား များစွာပျော်ဝင် ထွက်ရှိကြောင်း သုတေသနပြုစစ်ဆေးတွေ့ရှိခဲ့သည်ဟု အိန္ဒိယတိုင်းမ်၏ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် နေ့စဉ် အမှိုက်တန်ချိန် ၂၀၀၀၀ ထွက်ရှိနေပြီး ရန်ကုန်တစ်မြို့တည်း၌ပင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၂၃၀၀ မှ ၂၅၀၀ ထွက်ရှိနေမှုမှ တန်ချိန် ၂၃၀၀ မျှသာ သိမ်းဆည်းနိုင်သေးကြောင်း နယ်သာလန်နိုင်ငံမှ လေ့လာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ အလားတူ မန္တလေးမြို့မှ နေ့စဉ် အမှိုက် ၉၅၅ တန်နှင့် နေပြည်တော်မှ နေ့စဉ် အမှိုက်တန်ချိန် ၂၀၀ စွန့်ထုတ်လျက် ရှိသည်။ ထိုသို့သော မြို့ကြီးများ၌ပင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများအတွက် ထိရောက်စွာ အရေးယူခြင်း မပြုလုပ် နိုင်သေးသဖြင့် အမှိုက်ခွဲခြား စွန့်ပစ်မှု အတွက် စည်းမျဉ်း၊ စည်းကမ်းများ ချမှတ်မှု နှင့် အရေးယူမှုများ ပြုလုပ်ရန်မှာ အလှမ်းဝေးလျက်ရှိနေသေးသည်။ ထိုသို့သော စွန့်ပစ်အမှိုက်များထဲတွင် ပလတ်စတစ်အမှိုက်များမှာ ၁၃ ရာခိုင်နှုန်းနှင့်အထက် ပါဝင်နေကြောင်း အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### တန်ချိန် သန်း ၃၈၀ ကျော် စွန့်ပစ်

ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်း ပလတ်စတစ်တန်ချိန် သန်း ၃၈၀ ကျော် စွန့်ပစ်လျက်ရှိရာ ပလတ်စတစ် ညစ်ညမ်းမှုသည် ကုန်းမြေနှင့် ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေနေသက်ရှိ သတ္တဝါများ ထိခိုက်ပျက်စီးစေခြင်း၊ သဘာဝပတ်ဝန်း ကျင်ညစ်ညမ်းမှုများနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေသည့်အပြင် မိုက်ခရိုနှင့် နာနိုပလတ်စတစ် အမှုန်အမွှားများကြောင့် လူသားတို့၏ ကျန်းမာရေးကိုပါ တိုက်ရိုက်ဆိုးကျိုး သက်ရောက်မှုများကိုပါ ဖြစ်ပေါ်စေလျက်ရှိသဖြင့် လူသား မျိုးဆက်အတွက် အန္တရာယ်သံချောင်း ခေါက်သံပေးလိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ပလတ်စတစ်ကို လျှော့ချသုံးစွဲခြင်း၊ ပြန်လည်တီထွင် အသုံးပြုခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းတို့ကို တစ်ဦးတစ်ယောက်ချင်းစီက လိုက်နာဆောင်ရွက်ကြပါစို့။



လူ ၁၇ ဦး၏သွေးများထဲမှ တွေ့ရှိရသည့် မိုက်ခရိုပလတ်စတစ်အမှုန်အမွှားများကို တွေ့ရစဉ်။

---

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် နှိုးဆော်ချက်

**"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း"**

**"ငါးရစ်တစ်ကောင်သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား"**

- ❖ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့်မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။
- ❖ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ငါးများမိတ်လိုက်၊ ဥချ၊ သားပေါက်မှုများ မပြုလုပ်နိုင်ကြဘဲ ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်အရွယ်ငယ် (ငါးသန်) များကို ငယ်ရွယ်စဉ် ဖမ်းဆီးလိုက်ပါက သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုး ပြုန်းတီးသွားစေနိုင်ပါသည်။
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီး တရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- ❖ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင် ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မြန်မာ့မျိုးရင်းရွှေသမင်များနှင့် ရွှေ့ပြောင်းငှက်များ ရှင်သန်ကျက်စားရာ

# ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

**မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည်နှင့်အညီ ယင်းတို့ရေရှည်တည်တံ့စေရန်နှင့်သဘာဝဂေဟစနစ်များ အမြဲရှင်သန်ကောင်းမွန်စေရန် ထိန်းသိမ်းကာကွယ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်ရှိ ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။**

ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့ တောသည် အင်တိုင်းတောဂေဟစနစ်အတွင်း ကျရောက်ရှင်သန် ကျက်စားလျက်ရှိသော ဌာနေငှက်မျိုးစိတ်များ၊ ရာသီအလိုက် ပြောင်းရွှေ့ကျက်စားတတ်သော ဆောင်းခိုငှက်မျိုးစိတ်များ အပါအဝင် ဌာနေဇီဝမျိုးစုံမျိုးကွဲများနှင့် မြန်မာ့ရွှေသမင်များကို အဓိကထိန်းသိမ်း ကာကွယ်လျက်ရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့ တောသည် ကန့်ဘလူခရိုင် ကန့်ဘလူ မြို့နယ်နှင့် ကောလင်းခရိုင် ကောလင်း မြို့နယ်တို့အတွင်း တည်ရှိပြီး ကန့်ဘလူ မြို့နယ်တွင် ၂၁၉၀၈ ဧကနှင့် ကောလင်း မြို့နယ်တွင် ၄၂၃၅၆ ဒသမ ၄၂ ဧက ပါဝင်ကျရောက်လျက်ရှိသည်။

## ထိန်းသိမ်း ကာကွယ်ရေးလုပ်ငန်းများ

ချပ်သင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို မျိုးသုဉ်းရန် အန္တရာယ် နှင့် ရင်ဆိုင်နေရသည့် မြန်မာ့ရွှေသမင်နှင့် ၎င်းတို့ မှီခိုရာတောများကို ကာကွယ် ထိန်းသိမ်းရန်၊ သဘာဝဝန်းကျင်၊ ဇီဝ မျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးနှင့် အင်တိုင်းတောဂေဟစနစ်ကို ကာကွယ် ထိန်းသိမ်းရန်၊ သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဌာန တစ်ခုအဖြစ် ဆောင်ရွက်ရန်၊ သဘာဝ ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရပ် မြှင့်တင် ရေးသုတေသနလုပ်ငန်းများ ဆောင်ရွက် ရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုရရှိရန် စသည့် ရည်ရွယ် ချက်များဖြင့် ဆောင်ရွက်လျက်ရှိ သည်။

ဘေးမဲ့တောအတွင်း မြန်မာ့မျိုးရင်း ရွှေသမင်မျိုးစိတ်၊ ရှားပါးငှက်မျိုးစိတ် ခြောက်မျိုးနှင့် တွားသွားမျိုးစိတ် တစ်မျိုးတို့ ရှင်သန်ကျက်စားကြောင်း သိရပြီး ငှက်မျိုးစိတ်ခြောက်မျိုးမှာ ငှက်မင်းသား ဗိုက်ဖြူ၊ နဖားကြူးမြီး ဝိုင်း၊ ချိုလည်ရစ်၊ ဗွတ်မွဲ၊ မြန်မာဘီလုံး၊ စွေ့တို့ဖြစ်ပြီး တွားသွား မျိုးစိတ် တစ်မျိုးမှာ စင်းချောလိပ်ဖြစ်၍ စုစုပေါင်း ဒေသရင်းမျိုးစိတ် ရှစ်မျိုးအထိ တွေ့ရှိရသည်။ ထို့ပြင် မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် စပါးကြီး မြွေ၊ စပါးအုံးမြွေနှင့် ဆောင်းခိုငှက်များ၊ သစ်တောငှက် မျိုးစိတ်များနှင့် အခြား ဇီဝမျိုးစုံ မျိုးကွဲပေါင်း ၇၈၇ မျိုးထိ မှတ်တမ်းတင်ထားနိုင်သည့် ဘေးမဲ့ တော ဖြစ်ကြောင်း ချပ်သင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထံမှ သိရသည်။

## ငှက်မျိုးစိတ်ပေါင်း ၂၆၂မျိုး တွေ့ရ

ကမ္ဘာပေါ်တွင် ငှက်မျိုးစိတ်ပေါင်း ၁၀၄၇၃ မျိုးရှိပြီး မြန်မာနိုင်ငံတွင် ငှက်မျိုး စိတ်ပေါင်း ၁၁၁၆ မျိုး တွေ့ရှိ မှတ်တမ်းတင်ထားနိုင်ခဲ့၍ အရှေ့တောင် အာရှတွင် ငှက်မျိုးစိတ် ပေါကြွယ်ဝမှု အများဆုံး တွေ့ရှိရသည့် နိုင်ငံဖြစ် ကြောင်း သိရသည်။ ချပ်သင်းဘေးမဲ့တော တွင် ငှက်မျိုး စိတ်ပေါင်း ၂၆၂ မျိုး တွေ့ရှိ

**ချပ်သင်းဘေးမဲ့တောတွင် ငှက်မျိုး စိတ်ပေါင်း ၂၆၂ မျိုး တွေ့ရှိရပြီး မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသည့် ငှက်မျိုးစိတ် ခြောက်မျိုးနှင့် မျိုးသုဉ်းရန် ရင်ဆိုင်နေရသည့် ငှက်မျိုးစိတ် များ တွေ့ရှိရခြင်းသည် ချပ်သင်းဘေးမဲ့တော ၏ အဖိုးထိုက်တန်သော သယံဇာတများပင်**

ရပြီး မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသည့် ငှက်မျိုးစိတ် ခြောက်မျိုးနှင့် မျိုးသုဉ်းရန် ရင်ဆိုင်နေရသည့် ငှက်မျိုးစိတ်များ တွေ့ရှိရခြင်းသည် ချပ်သင်းဘေးမဲ့တော ၏ အဖိုး ထိုက်တန်သော သယံဇာတများ ပင် ဖြစ်သည်။

ဘေးမဲ့တောတွင် မှတ်တမ်းတင်ထား သော ငှက်မျိုးစိတ် ၂၆၂ မျိုးမှာ သစ်တော ငှက်မျိုးစိတ် ၂၂၃ မျိုး၊ ရေငှက်မျိုးစိတ် ၃၉ မျိုးတို့ဖြစ်ပြီး ရာသီအလိုက် ရွှေ့ ပြောင်း ကျက်စားသည့် ဆောင်းခိုငှက် မျိုးစိတ် ၃၀ ပါဝင်နေကြောင်း တွေ့ရှိရ သည်။ ၎င်းဆောင်းခိုငှက်မျိုးစိတ် ၃၀ မှာ ဇင်ယော်၊ ရေညှောင့်၊ စနိုက်၊ တစ်တီတူး၊ တောငန်းရိုင်း၊ သောင်းတင်၊ ဟင်္သာ စသည့် ရေငှက်မျိုးစိတ် ၁၁ မျိုး၊ စာဖြူ မိုးဆွေငှက်၊ ငှက်တစပ်၊ မြီးညှောင့်၊ သစ်တောက်လည်လိမ်၊ မြီးညှောင့် ခေါင်းမွဲ၊ တောရှိုးမ စသည့် သစ်တော ငှက်မျိုးစိတ် ၁၉ မျိုး တို့ဖြစ်သည်။

## အရေးပါသည့် နယ်မြေ

ချပ်သင်း ဘေးမဲ့တောအတွင်းရှိ ကျေးအင်း ရေဝပ်ဒေသသည် ဆောင်းခို ငှက်မျိုးစိတ်များ လာရောက်သည့် အရှေ့အာရှ- ဩစတြေးလျ ငှက်ပျံသန်း ရာ လမ်းကြောင်း EAAF တွင် ပါဝင် သည့် နေရာတစ်ခုဖြစ်ပြီး ရွှေ့ပြောင်း ငှက်များ ထိန်းသိမ်းကာကွယ်ရေးအတွက် အရေးပါသည့် နယ်မြေတစ်ခုလည်း ဖြစ်သည်။ ကျေးအင်း ရေဝပ်ဒေသတွင် ဆောင်းရာသီကာလ ဖြစ်သည့် အောက်တိုဘာလမှ မတ်လအထိ ဆောင်းခိုငှက်များလည်း လာရောက် ကျက်စားလေ့ရှိကြကြောင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာ နှစ်အထိ လစဉ်ငှက်စာရင်း ကောက်ယူမှု မှတ်တမ်းများအရ သိရသည်။ ကျေးအင်း ရေဝပ်ဒေသသည် မိုးရာသီကာလတွင် ဧက ၁၀၀၀ ခန့် ကျယ်ဝန်းပြီး ဆောင်း ရာသီကာလတွင် ဧက ၄၀၀ ခန့်၊ နွေရာသီ ကာလတွင် ဧက ၃၀၀ ခန့် ကျယ်ဝန်း သည့် ရေဝပ်ဒေသတစ်ခု ဖြစ်သည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့ တောတွင် ရာသီအလိုက် ပြောင်းရွှေ့ ကျက်စားလျက်ရှိသော ဆောင်းခိုငှက် များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဘေးမဲ့တော ရေရှည်တည်တံ့ရေးအတွက် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသ များပြန်လည်တည်ထောင်ခြင်း၊ ဒေသခံ ပြည်သူများအား အသိပညာပေးခြင်း နှင့် ကင်းလှည့်ထိန်းသိမ်းခြင်းလုပ်ငန်း များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။





ချပ်သင်းဘေးမဲ့တောအတွင်းရှိ ကျေးအင်းရေဝပ်ဒေသတွင် လာရောက်ဆောင်းခိုကျက်စားသည့် ခရုတုတ်ငှက်များ

# ကယားပြည်နယ်အတွင်း ယာယီတိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် မေ ၉

**ကယားပြည်နယ်အတွင်း ယာယီတိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်းရှိမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ယာယီတိုက်ပွဲရှောင်ပြည်သူများ နေ့စဉ်ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိရာ ပြည်သူများ၏ လုံခြုံရေး၊ လတ်တလောကာလ စားဝတ်နေရေး အဆင်ပြေစေနိုင်ရေး၊ ပျက်စီးသွားသော နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်ပေးရေး၊ တောင်သူများ စိုက်ပျိုးရေးကာလအမီ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး၊ မိုးစပါးနှင့် မိုးနေကြာမျိုးစေ့များနှင့် ဓာတ်မြေဩဇာများ အချိန်မီဖြန့်ဝေပေးနိုင်ရေး၊ သတ်မှတ်ကာလတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိနိုင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်က ပြည်နယ်၏ လုံခြုံရေးကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေး ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့က နေရပ်ပြန် ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် ဆောင်ရွက်ပေးထားသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဌာနဆိုင်ရာအသီးသီးက ပြည်သူများ မိမိနေရပ်တွင် ပြန်လည်နေထိုင်ရာတွင် စိုက်ပျိုးရာသီကာလအမီ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ဌာနအလိုက် ကဏ္ဍအသီးသီးတွင် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများ ပြန်လည်ဝင်ရောက်မည့်အခြေအနေများ၊ လိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။



**မျိုးဇော်လင်း**

# အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းသို့ သင်တန်းသူ စုစုပေါင်း ၇၆၄ ဦး တက်ရောက်

**နေပြည်တော် မေ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်း ၂၄ ကျောင်းတွင် နယ်စပ်ဒေသ အပါအဝင် အလုပ်အကိုင်အခွင့် အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များ အဆင့်မြင့် စက်ချုပ်ပညာရပ်များ သင်ကြား တတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝတိုးတက်ပြီး မိသားစု အပိုဝင်ငွေရရှိနိုင်စေရေး၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အထည်ချုပ် စက်ရုံများတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရေး နှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ် လုပ်ကိုင်နိုင်စေရေး ရည်ရွယ်၍ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းကို ယနေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။

ထိုသို့ဖွင့်လှစ်ရာ၌ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး **(အောက်ပုံ)**၊ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပုသိမ်မြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက် ဖွင့်လှစ်ပေးသည်။






ယနေ့ဖွင့်လှစ်သည့် အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်းသို့ သင်တန်းသူ စုစုပေါင်း ၇၆၄ ဦး တက်ရောက်၍ မေ ၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးမည်ဖြစ်သည်။

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၉၃၄၆၈ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ဗိုလ်အောင်ဇေယျရပ်ကွက်နေ မြို့မ ကဖေးဆိုင်ပိုင်ရှင် မီမီမိုးဆန်း(ခ)ဂျမ်းဂျမ်းသည် ၎င်း အသုံးပြုသည့် “Mi Mi Moe Sann” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အမှတ်(၃) ရပ်ကွက်နေ မိုးမိုးစန်း၊ သက်သက်ခိုင်၊ စိုးသန်း၊ နေလင်း၊ ဝင်းမြင့်နှင့် ကိုတီးတို့သည် ၎င်းတို့အသုံးပြုသည့် “Moe Moe San” Facebook အကောင့်၊ “ Thet Thet Khaing” Facebook အကောင့်၊ “Soe Than” Facebook အကောင့်၊ “Nay Lin” Facebook အကောင့်၊ “Win Myint” Facebook အကောင့်၊ “Ko Tee” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာနေ စိုးမျိုးဦးသည် ၎င်းအသုံးပြုသည့် “Soe Myo Oo” Facebook အကောင့်၊ ပြည်ကြီးတံခွန်မြို့နယ် (ဋ)ရပ်ကွက်နေ ဥမ္မာရီသည် ၎င်းအသုံးသည့် “Ohmar Yee” Facebook အကောင့်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၅) ရပ်ကွက်နေ မြတ်မင်းလတ်(ခ)မင်းမင်း သည် ၎င်းအသုံးပြုသည် “Min Min” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆပ်ပြာကျင်းကျေးရွာနေ ရတနာသန်းထွန်း သည် ၎င်းအသုံးပြုသည့် “Yadanar Than Htun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်း ကံဦးကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ လွှစင်ကုန်းကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဓမ္မပါလ တိုင်းရင်းသား ဗုဒ္ဓသာသနာပြုသင်တန်းကျောင်း (နန်းဦးကျောင်းတိုက်)သို့ လည်းကောင်း။

ရန်ကုန်တိုင်း ဒေသကြီး သန်လျင်မြို့နယ်ရှိ ဘုရားကြီးကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ အောင်နိမိတ် ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ သီရိမင်္ဂလာကျောင်းကြီး စာသင်တိုက်သို့ လည်းကောင်း တာဝန်ရှိသူများသွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြင်းမူမြို့နယ်တွင် ဒေသခံပြည်သူ ၂၆၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီး

**မြင်းမူ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် သာသနာ့အနွယ်ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများကို မြို့နယ်ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမတွင် အများပြည်သူရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် အကျုံးဝင်သူပေါင်း ၉၉၀၅၂ ဦး ရှိကြောင်း၊ မေ ၈ ရက်ထိ မြို့နယ်တွင်းကာကွယ်ဆေးထိုးနှံပြီးစီးသူပေါင်း ၂၆၆၆၀ ရှိပြီဖြစ်ကြောင်း၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# နေကြာသီးနှံ ပိုးမွှား၊ ရောဂါ သတိပြု ကာကွယ်နှိမ်နင်းပါ

ဒေါက်တာခင်မာမြိုင်နှင့် ဒေါက်တာသက်ရည်ခိုင် (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

မြန်မာနိုင်ငံ၏ စားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးရာတွင် မျှော်မှန်းအထွက်ရရှိစေရေးအတွက် နေကြာသီးနှံတွင် ကျရောက်သောပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းနည်းများကို သိရှိပြီး သတိပြုလိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။ ပိုးမွှား၊ ရောဂါများကို စနစ်တကျကာကွယ်နှိမ်နင်းနိုင်ရန်အတွက် သီးနှံသက်တမ်းတစ်လျှောက် ပိုးမွှားများ၏ ကျရောက်ဖျက်ဆီးမှုအလေ့အထနှင့် ရောဂါများ၏ကူးစက်ပျံ့နှံ့မှုတို့ကို သိရှိထားရန်လိုအပ်ပါသည်။ နေကြာသီးနှံတွင် ပိုးမွှား၊ ရောဂါကျရောက်ပါက အထွက်ကို ၂၅-၄၅ ရာခိုင်နှုန်းခန့်အထိ ထိခိုက်နိုင်ပါသည်။ ပိုးမွှား၊ ရောဂါများကို ဓာတုဆေးများအလွန်အကျွံသုံး၍ ကာကွယ်နှိမ်နင်းပါက ပိုးမွှား၊ ရောဂါများသည် ဆေးယဉ်ပါးလာခြင်း၊ ပတ်ဝန်းကျင်ရေထု၊ လေထုကို ညစ်ညမ်းစေခြင်း၊ ကုန်ကျစရိတ်များခြင်း၊ စားသုံးသီးနှံများတွင် ဓာတ်ကြွင်းအာနိသင်ကျန်ရှိခြင်း၊ သဘာဝသားရဲကောင်များကို သေစေခြင်းတို့ကြောင့် ဓာတုဆေးများကို လိုအပ်မှသာ သုံးစွဲရမည်ဖြစ်ပါသည်။

**ဖျက်ပိုးဆိုသည်မှာ -** သီးနှံများ၏ အရည်အသွေး၊ အထွက်နှုန်းနှင့် မျိုးစေ့ အပင်ပေါက်နိုင်စွမ်းတို့ကို ထိခိုက်ပျက်စီးစေပါသည်။ ဖျက်ပိုးတွင် ပိုးမွှား၊ ရောဂါ၊ ပေါင်း၊ ကြွက်၊ ခရု စသည်တို့ ပါဝင်ပါသည်။

**ပိုးမွှားဆိုသည်မှာ -** အပင်နှင့် အပင်ထွက်ပစ္စည်းများကို စားသောက်၊ ဖျက်ဆီးသည့်အပြင် ရောဂါများကိုပါ သယ်ဆောင်ပြန့်ပွားနိုင်သည့် သက်ရှိများ ဖြစ်ပါသည်။

**အပင်ရောဂါဆိုသည်မှာ-** အပင်၏ မူမှန်အခြေအနေမှ မူမမှန်အခြေအနေသို့ အကြောင်းတစ်ရပ်ရပ်ကြောင့် ပြောင်းလဲခြင်းကို ခေါ်ပါသည်။ မျက်မြင်အားဖြင့် မမြင်နိုင်သည့် အဏုဇီဝသက်ရှိများဖြစ်သော မှို၊ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ နီမတုတ်တို့ကြောင့် ဖြစ်နိုင်သကဲ့သို့ အာဟာရချို့တဲ့မှုနှင့် ပတ်ဝန်းကျင်အခြေအနေပြောင်းလဲမှုကြောင့်လည်း မူမမှန်ပြောင်းလဲခြင်းများ ဖြစ်တတ်ပါသည်။

**သားရဲကောင်ဆိုသည်မှာ-** ဖျက်ပိုးများကို ရှာဖွေစားသောက်သည့် အကောင်များ ဖြစ်သည်။ သားရဲကောင်မျိုးစိတ်များသည် ဖျက်ပိုးများ၏ လောက်ကောင်ငယ်ဘဝနှင့် အကောင်ကြီးဘဝနှစ်မျိုးလုံးကို စားသောက်လေ့ရှိသည်။ သားရဲကောင်များတွင် ပိုးတောင်မာကျိုင်း၊ ပုစဉ်း၊ လင်ကောင်ပိုး၊ ပင့်ကူ၊ ပုရစ်၊ နံကောင်မျိုးရင်းတို့ ပါဝင်ပါသည်။

**နေကြာသီးနှံတွင် ကျရောက်တတ်သော ပိုးမွှားများနှင့် ကာကွယ်နှိမ်နင်းနည်းများ**

နေကြာသီးနှံတွင် ကျရောက်ဖျက်ဆီးသော ပိုးမွှားများမှာ နေကြာပွင့်စားပိုး (Head borer)၊ ခူမွေးရှည် (Common hairy caterpillar)၊ ပိုးနဂါး (Tobacco caterpillar)၊ ဖြုတ်စိမ်း (Jassids)၊ ပျပိုး (Aphids)၊ ကြွက်နှင့် ကြက်တူရွေး စသည်တို့ဖြစ်ပါသည်။

**(၁) နေကြာပွင့်စားပိုး (Head borer)**

**ဖျက်ဆီးမှုလက္ခဏာ-** နေကြာပင်ငယ်စဉ်တွင် ပိုးလောက်ကောင်သည် အရွက်များကို စားသောက်ဖျက်ဆီးတတ်ပါသည်။ အပင်ကြီးအဆင့်တွင် နေကြာပွင့်အတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားပြီး အစေ့နုများကို စားသောက်ဖျက်ဆီးတတ်ပါသည်။ နေကြာပွင့်စားပိုး စားသောက်ဖျက်ဆီးသည့် ဒဏ်ရာမှတစ်ဆင့် မှိုများ ဝင်ရောက်ပေါက်ပွားလာပြီး နေကြာပွင့်မှာ ပုပ်၍ပျက်စီးသွားပါသည်။



ရွက်စုံစားခူမွေးရှည်ဖျက်ဆီးမှုလက္ခဏာများ

**ကာကွယ်နှိမ်နင်းနည်း -** နေကြာပွင့်စားပိုးသည်ပိုးရုပ်ဖုံးအဆင့်တွင် မြေကြီးအတွင်း နေထိုင်သောကြောင့် မြေပြင်စဉ်တွင် ထယ်ရေးနက်နက်ထိုးရန် လိုအပ်ပါသည်။ စိုက်ခင်းအတွင်း ပင်ကြွင်းပင်ကျန်များကို ဖယ်ရှားရှင်းလင်းရပါမည်။ အပင်ဖြစ်ထွန်းပြီး နောက်ပိုင်းနေကြာရွက်တွင် ဥများစတင်တွေ့ပါက ထိသေပိုးသတ်ဆေးတစ်မျိုးမျိုး (ဥပမာ-ဆိုက်ပါမီသရင်)ဖြင့် ကာကွယ်နိုင်ပါသည်။ အပွင့်တွင် ဖျက်ဆီးမှုလက္ခဏာ တွေ့ရှိရပါကလည်း အလားတူဆေးဖျန်းနှိမ်နင်းနိုင်ပါသည်။

**(၂) ရွက်စုံစားခူမွေးရှည် (Common hairy caterpillar)**

**ဖျက်ဆီးမှုလက္ခဏာ-** ပိုးလောက်ကောင်ငယ်များသည် အရွက်အောက်မျက်နှာပြင်မှခြစ်၍ စားသောက်ဖျက်ဆီးတတ်ပါသည်။ ဖျက်ဆီးပါက အရွက်တွင် ဆန်ခါပေါက်များအဖြစ် တွေ့မြင်ရပြီး ပြင်းထန်စွာကျရောက်ပါက အရွက်ရိုးတံများသာ ကျန်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

**ကာကွယ်နှိမ်နင်းနည်း -** ဥမြုံများနှင့် ဥမှပေါက်စ ပိုးလောက်ကောင်များရှိသောအရွက်နှင့် အပင်များကို ဖယ်ရှားရှင်းလင်းရပါမည်။ ပိုးလောက်ကောင်များ စိုက်ခင်းအတွင်း ပျံ့နှံ့လာပါက ပင်လုံးပျံ့ ပိုးသတ်ဆေးတစ်မျိုးမျိုး (ဥပမာ- ဒိုင်မီသိုအိတ်၊ အက်ဆီဖိတ်) တို့ဖြင့် ဖျန်းရပါမည်။

**(၃) ပိုးနဂါး (Tobacco caterpillar)**

**ဖျက်ဆီးမှုလက္ခဏာ-** ပိုးလောက်ကောင်သည် ငယ်စဉ်တွင် အရွက်နုများ၊ အရွက်များပေါ်၌ အစုလိုက်၊ အပြုံလိုက်ကျရောက်၍ စားသောက်ဖျက်ဆီးတတ်ပါသည်။ စားသောက်ဖျက်ဆီးမှုပြင်းထန်ပါက အရွက်တွင် အဖြူရောင်အမြှေးပါးများသာ ကျန်ရှိသည်ကို တွေ့မြင်ရပါမည်။ ပိုးလောက်ကောင်ကြီးများသည် နေကြာစေ့အနုများကိုလည်း စားသောက်ဖျက်ဆီးတတ်ပါသည်။



ပိုးနဂါးဖျက်ဆီးမှုလက္ခဏာများ

**ကာကွယ်နှိမ်နင်းနည်း -** ဥမြုံများနှင့် ဥမှပေါက်စပိုးလောက်ကောင် အစုအဝေးလိုက်ပါရှိသော အရွက်များနှင့်အပင်များကို ရှာဖွေဖျက်ဆီးရပါမည်။ ပိုးနဂါးကျရောက်ပါက ပင်လုံးပျံ့ ပိုးသတ်ဆေးတစ်မျိုးမျိုး (ဥပမာ- ဒိုင်မီသိုအိတ်) ဖြင့် နှိမ်နင်းနိုင်ပါသည်။

**(၄) ဖြုတ်စိမ်း (Jassids)**

**ဖျက်ဆီးမှုလက္ခဏာ -** ဖြုတ်စိမ်းများကျရောက်ပါက ပင်ရည်ကို စုပ်သောကြောင့် အရွက်များ အဝါဖျော့ရောင်ပြောင်းသွားပါသည်။ ပြင်းထန်စွာကျရောက်ပါက အရွက်များကုပ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

*စာမျက်နှာ ၂၁ သို့*



ဖြုတ်စိမ်းဖျက်ဆီးမှုလက္ခဏာများ



နေကြာပွင့်စားပိုးဖျက်ဆီးမှုလက္ခဏာများ

# လယ်ဝေးမြို့နယ်၌ နွေရာသီ အခြေခံတိုက်ကွမ်ဒို အားကစား သင်တန်းဆင်း



နွေရာသီ အခြေခံတိုက်ကွမ်ဒိုအားကစားနည်းသင်တန်းဆင်း လက်မှတ်များ ပေးအပ်စဉ်။

**လယ်ဝေး မေ ၉**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်ပြီး ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလစသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် နွေရာသီအခြေခံတိုက်ကွမ်ဒို အားကစားသင်တန်းဆင်းပွဲကို မေလ ပထမပတ်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးထွန်းထွန်းနိုင်က သင်တန်းသားများအား အခြေခံတိုက်ကွမ်ဒိုသင်တန်း သင်ကြားပေးရခြင်း၏ အဓိကရည်ရွယ်ချက်များနှင့် သင်ကြားပို့ချပေးခဲ့သည့် အားကစားအမျိုးအစားများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းဖြစ်မြောက်ရေးအတွက် ကူညီခဲ့ကြသော အလှူရှင်များအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ဆက်လက်၍ သင်တန်းနည်းပြဆရာအား မြို့နယ်ဦးစီးမှူးက ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်သည်။

အဆိုပါ နွေရာသီအခြေခံတိုက်ကွမ်ဒိုအားကစား သင်တန်းကို ဧပြီ ၂၁ ရက်မှ မေ ၄ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချခဲ့ပြီး အဆင့်မြင့်ဂျူဒိုသင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။


မင်းမင်းလတ်

*စာမျက်နှာ ၂၀ မှ*

**ကာကွယ်နှိမ်နင်းနည်း** – အလန်း ၁၅ ဒဗလျူပီ၊ သန်းဒါး ၂၅၀ အီးစီ၊ ကဲ့သို့သော ပိုးသတ်ဆေးများကို ဖျန်းပက်ခြင်းဖြင့် ကာကွယ်နှိမ်နင်းနိုင်ပါသည်။

**(၅) ပျပိုး (Aphids)**

**ဖျက်ဆီးမှုလက္ခဏာ** – ပျပိုးအကောင်ငယ်နှင့် အကောင်ကြီးအဆင့်များကျရောက်ပါက ပင်စည်များနှင့် ပွင့်ချပ်များမှပင်ရည်ကို စုပ်ယူ၍ စားသောက်ဖျက်ဆီးတတ်ပါသည်။ အရွက်များ အောက်ဘက်သို့ ကုပ်သွားပြီး အနီရောင်သို့ ပြောင်းသွားတတ်သလို ကျပ်ခိုးမှိုကျရောက်နိုင်ပြီး အရွက်များမည်းသွားနိုင်ပါသည်။



ပျပိုးဖျက်ဆီးမှု လက္ခဏာ

**ကာကွယ်နှိမ်နင်းနည်း** – နေကြာမျိုးစေ့ တစ်ကီလိုဂရမ်လျှင် မျိုးစေ့လူးနယ်ဆေး (အေမီဒါ ကလိုပရစ် 70 WP) ၁၀ ဂရမ်နှုန်းဖြင့် လူးနယ်၍ စိုက်ပျိုးရပါမည်။ ပင်လုံးပျံ့ပိုးသတ်ဆေး တစ်မျိုးမျိုးဖြင့် နှိမ်နင်းနိုင်ပါသည်။

**(၆) ကြွက်**

**ဖျက်ဆီးမှုလက္ခဏာ** – ကြွက်များသည် နေကြာမျိုးစေ့ချပြီးနှင့် အစေ့အဆန်တည်ချိန်တွင် စားသောက်ဖျက်ဆီးတတ်ပါသည်။ ကြွက်များ အဖွဲ့လိုက်၊ အစုလိုက် အပင်များပေါ်သို့ တက်၍ နေကြာစေ့များကို စားသောက်ဖျက်ဆီးတတ်ပါသည်။ နေကြာတစ်ခင်းလုံးကို လျင်မြန်စွာ ဆုံးရှုံးပျက်စီးစေနိုင်ပါသည်။

**ကာကွယ်နှိမ်နင်းနည်း** – ကြွက်များကို ထောင်ချောက်များဖြင့် ကာကွယ်နိုင်ပါသည်။ ကြွက်များကို စားသောက်တတ်သော သားရဲကောင်များ (ဥပမာ–ခွေး၊ ကြောင်၊ လင်ကောင်ပိုး)ဖြင့်လည်း ကာကွယ်နိုင်ပါသည်။ လူအင်အားဖြင့်လည်း ဖမ်းဆီးနှိမ်နင်းနိုင်ပါသည်။ ကြွက်သတ်ဆေးတစ်မျိုးမျိုး (ဥပမာ–ဟက်ပီးကြွက်သတ်ဆေး)၊ ကြွက်မကြိုက်သော အနံ့အမျိုးမျိုးပေး၍ ကာကွယ်နိုင်ပါသည်။

**(၇) ငှက်များ (ကြက်တူရွေး)**

**ဖျက်ဆီးမှုလက္ခဏာ** – ငှက်များ(ကြက်တူရွေး)သည် အစေ့ စတည်ချိန်မှ ရိတ်သိမ်းချိန်အထိ စားသောက်ဖျက်ဆီးတတ်ပါသည်။

**ကာကွယ်နှိမ်နင်းနည်း** – ငှက်များ (ကြက်တူရွေး)ကို လူအင်အားဖြင့် ငှက်များအားခြောက်လှန့်ခြင်း၊ ငှက်ဖမ်းပိုက်များသုံးခြင်းဖြင့်လည်း ကာကွယ်ပေးနိုင်ပါသည်။

**နေကြာသီးနှံတွင် ကျရောက်တတ်သော ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ**

အပင်ရောဂါဖြစ်စေရန် အဓိကအကြောင်းရင်း သုံးမျိုးရှိပါသည်။ ၎င်းတို့မှာ (၁) ရောဂါဖြစ်စေသောသက်ရှိ (ဥပမာ– မှို၊ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်)၊ (၂) ခံနိုင်ရည်မဲ့သောမျိုးနှင့် (၃) ရောဂါဖြစ်စေရန် အားပေးသော ပတ်ဝန်းကျင်အခြေအနေတို့ ဖြစ်ပါသည်။ ထိုအကြောင်း သုံးချက်မှ တစ်ချက်ကို ထိန်းချုပ်ပေးနိုင်ပါက ရောဂါဖြစ်ခြင်းကို လျှော့ချနိုင်ပါသည်။ နေကြာသီးနှံတွင် ရောဂါဖြစ်စေသောသက်ရှိများသည် မြေ၊

❊ အပင်ရောဂါဖြစ်စေရန် အဓိကအကြောင်းရင်း သုံးမျိုးရှိပါသည်။ ၎င်းတို့မှာ (၁) ရောဂါဖြစ်စေသောသက်ရှိ (ဥပမာ- မှို၊ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်)၊ (၂) ခံနိုင်ရည်မဲ့သောမျိုးနှင့် (၃) ရောဂါဖြစ်စေရန် အားပေးသော ပတ်ဝန်းကျင်အခြေအနေတို့ ဖြစ်ပါသည်။ ထိုအကြောင်း သုံးချက်မှ တစ်ချက်ကို ထိန်းချုပ်ပေးနိုင်ပါက ရောဂါဖြစ်ခြင်းကိုလျှော့ချနိုင်

ရေ၊ လေတို့မှတစ်ဆင့် ကူးစက်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် အတွေ့များသော ရောဂါများမှာ နေကြာပင်ခြေပုပ်ရောဂါနှင့် နေကြာရွက်ခြောက်ရောဂါတို့ ဖြစ်ပါသည်။

**(၁) နေကြာပင်ခြေပုပ်ရောဂါ (Sclerotium Stem Rot)**

**ရောဂါလက္ခဏာ** – စိုက်ခင်းအတွင်းတွင် ညှိုးနေသောအပင်များကို စတင်တွေ့ရှိရပါမည်။ ၎င်းအပင်များကို စစ်ဆေးပါက အပင်ခြေတွင် ညိုပုပ်သည့် ရောဂါလက္ခဏာအား တွေ့ရှိနိုင်ပါသည်။ အပင်ခြေတွင် အဖြူရောင်မှိုမျှင်များကိုလည်း မျက်စိဖြင့်ပင် မြင်တွေ့နိုင်ပါသည်။ ရောဂါပြင်းထန်လာပါက တစ်ပင်လုံးညှိုး၍ သေဆုံးနေသည်ကို တွေ့ရှိရပါမည်။ ပင်ခြေပုပ်ရောဂါသည် ပူနွေးပြီးစိုထိုင်းဆများလာသည့် အချိန်တွင် လျင်မြန်စွာပျံ့နှံ့နိုင်ပါသည်။

**ကာကွယ်နှိမ်နင်းနည်း** – ရောဂါကင်းသောမျိုးစေ့ကို သုံးခြင်း၊ ထယ်ရေးနက်နက်ထိုးခြင်း၊ သီးလှည့်စိုက်ခြင်း၊ ရောဂါကျ ပင်ကြွင်းပင်ကျန်များအား မီးရှို့၊ ဖျက်ဆီးရှင်းလင်းခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။ စိုက်ခင်းတွင် အစိုဓာတ်မများစေရန် ဂရုစိုက်ပေးရပါမည်။ မျိုးစေ့ကို ရောဂါသတ်ဆေးများဖြစ်သော ဟိုမိုင်း၊ တော့ပ်စင်၊ မက်တယ်လဇီကဲ့သို့သော ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးရပါမည်။ အပင်ငယ်အဆင့်တွင် ကြက်သွန်ဖြူ စစ်ထုတ်ရည်ကို အသုံးပြုခြင်း၊ ထရိုင်ခိုဒါးမားတို့ကို မြေကြီးအတွင်းထည့်ခြင်းတို့ဖြင့်လည်း ကာကွယ်နှိမ်နင်းနိုင်ပါသည်။ အပင်သက်တမ်းတစ်လျှောက် ဤရောဂါကျရောက်ပါက အထက်ဖော်ပြပါ ဆေးတစ်မျိုးမျိုးကို အသုံးပြု၍ နှိမ်နင်းနိုင်ပါသည်။

**(၂) နေကြာရွက်ခြောက်ရောဂါ (Alternaria leaf blight)**

**ရောဂါလက္ခဏာ**– အရွက်ပေါ်တွင် အညိုရင့်ရောင်အနာကွက်များကို စတင်တွေ့နိုင်ပါသည်။ နောက်ပိုင်းတွင် ရွက်ညှာများပေါ်အထိ ပျံ့နှံ့သွားပြီး ပင်စည်ပေါ်သို့ ကူးစက်သွားနိုင်ပါသည်။ အရွက်တစ်ခုလုံးခြောက်ခြင်း၊ ပင်စည်နှင့် ပန်းပွင့်တစ်ခုလုံးပုပ်ခြင်းများကို ဖြစ်စေနိုင်ပါသည်။ ရောဂါပြင်းထန်လာပါက အရွက်များ လျင်မြန်စွာခြောက်သွေ့ပြီး သေဆုံးနိုင်ပါသည်။

**ကာကွယ်နှိမ်နင်းနည်း** – ရောဂါကျပင်ကြွင်းများနှင့် ပေါင်းမြက်များကို သုတ်သင်ရှင်းလင်းပေးရပါမည်။ သီးလှည့်စိုက်ပျိုးပေးရပါမည်။ မျိုးစေ့ကို ဟိုမိုင်း/ ထရိုင်ခိုဒါးမားဖြင့် လူးနယ်စိုက်ပျိုးရပါမည်။ ရောဂါလက္ခဏာစတွေ့ရပါက မှိုသတ်ဆေးတစ်မျိုးမျိုး (ဥပမာ– မန်ကိုဇက်)၊ ထရိုင်ခိုဒါးမားမှိုတို့ကို အသုံးပြု၍ ပြန့်ပွားခြင်းကို ထိန်းချုပ်နိုင်ပါသည်။

နေကြာသီးနှံတွင် ပိုးမွှား၊ ရောဂါ ကျရောက်ဖျက်ဆီးပါက သတ်မှတ် ရိတ်သိမ်းအပင်ဦးရေ မရရှိခြင်း၊ တစ်ပွင့်ပါအောင်စေ့လျော့နည်းခြင်း၊ အစေ့တစ်ထောင်အလေးချိန် လျော့နည်းခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တစ်ကေမျှော်မှန်းအထွက် ရရှိရန် ပိုးမွှား၊ ရောဂါများကျရောက်ခြင်းမှ အထူးသတိပြု ကာကွယ်နှိမ်နင်းသွားရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**


- **ထွန်းဆိုင်နှင့် ခင်မာမာနွယ်။ ၂၀၁၁ ခုနှစ်။ နေကြာစိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များအဖွဲ့**
- **Chattopadhyay.C., S.J.Kolte and F.Waliyar. (2016). Disease of Edible Oilseed Crops., CRC Press, Taylar & Francis Group, Boca Raton London New York.**




နေကြာ ပင်ခြေပုပ်ရောဂါလက္ခဏာ



နေကြာ ရွက်ခြောက်ရောဂါလက္ခဏာ

# ခေတ်နှင့်အညီ ပေါ်ထွန်းလာသည့် နည်းပညာရပ်များကို အသုံးချပြီး အသိဉာဏ် အမြော်အမြင် ပြည့်စုံသည့် ပညာရေးပတ်ဝန်းကျင် ဖန်တီးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း



**မကွေး မေ ၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မကွေးတက္ကသိုလ်တွင် အသစ်ခန့်အပ်ထားသည့် နည်းပြ/သရုပ်ပြ ဆရာ ဆရာမ သစ်လွင်များ ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပညာရေးဖွံ့ဖြိုးမှုသည် အရေးကြီးပြီး လူ့စွမ်းအားအရင်းအမြစ်ခိုင်မာမှ တိုင်းပြည်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့် ကျန်းမာရေးကောင်းမွန်အောင် အစဉ်တစိုက်ဆောင်ရွက်နေကြောင်း၊ မျက်မှောက်ခေတ်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် သစ်လွင် ဆရာ ဆရာမများအနေဖြင့် ကြိုးစားသွားရမည်ဖြစ်ပြီး မိမိတို့ကိုယ်တိုင်လည်း အမြဲတမ်း လေ့လာသင်ယူရန် လိုအပ်ကာ ခေတ်နှင့်အညီ ပေါ်ထွန်းလာသည့် နည်းပညာရပ်များကို အသုံးချပြီး အသိဉာဏ် အမြော်အမြင်တို့ဖြင့် ပြည့်စုံသည့် ပညာရေးပတ်ဝန်းကျင် ဖန်တီးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန် လိုကြောင်း၊ ၂၀၂၂ ခုနှစ်မှစတင်၍ မကွေးတက္ကသိုလ်တွင် ပါရဂူတန်းကို တိုးချဲ့ဖွင့်လှစ်မည် ဖြစ်သည့်အတွက် သစ်လွင် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ တိုးတက်ရာတိုးတက်ကြောင်း ပညာရပ်များအား ဆက်လက်လေ့လာဆည်းပူးပြီး စွမ်းဆောင်ရည်မြင့်မားသည့် ဆရာကောင်းဆရာမြတ်များဖြစ်သည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နည်းပြ/သရုပ်ပြ ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရာ မကွေးတက္ကသိုလ် ပါမောက္ခချုပ်က လက်ခံယူသည်။ မကွေးတက္ကသိုလ်အနေဖြင့် တက္ကသိုလ်ရှိ ဘာသာရပ်ဌာနများ၏ သင်ကြားမှု ပိုမိုကောင်းမွန်စေရေးအတွက် နည်းပြ/သရုပ်ပြ ဆရာ ဆရာမ ၃၉ ဦး ခန့်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရေးမြို့နယ်တွင် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် မေ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ နယ်စပ်ဒေသကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက် လ ကာလတွင် ရေးမြို့နယ် ဖလံချောင်းဝ - ညီဆားလမ်းပိုင်း ၁၄ မိုင် ၄ ဖာလုံ အနက် ၃ မိုင် အပြီးသတ် ကျောက်ခင်းခြင်း၊ အဆိုပါလမ်းပိုင်း နှစ်မိုင်ကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းတစ်လျှောက်လိုအပ်သော ပေ ၆၀ ကွန်ကရစ်တံတား နှစ်စင်း၊ ပေ ၃၀ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇၈၆ ဒသမ ၈၂၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီး၍ ဒေသခံပြည်သူများ ရာသီမရွေးအဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဇေယျဇော်**




## ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို** "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်လိုအပ်ကြောင်း၊ မူဝါဒများနှင့် တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်မည့် နည်းလမ်းရွေးချယ်မှုများမှတစ်ဆင့် ပိုမိုစိမ်းလန်းသော နေထိုင်မှုပုံစံသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်သွားရန်နှင့် ရေရှည်တည်တံ့စွာ နေထိုင်နိုင်စေရေးအတွက် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သဘာဝနှင့် လိုက်လျောညီထွေ နေထိုင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် လူသားတိုင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ယခုနှစ် ဆောင်ပုဒ်မှ တိုက်တွန်းထားသည်။

ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ခေါင်းစဉ်ဖြင့် မိမိတို့ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးများကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

အလွတ်တန်း ဆောင်းပါး/ စာစီစာကုံးပြိုင်ပွဲကိုမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ၊ ပြိုင်ပွဲဝင် စာစီစာကုံးများကို A4 ဆိုဒ်စာမျက်နှာအနည်းဆုံး ငါးမျက်နှာမှ အများဆုံး ခုနစ်မျက်နှာအထိ ရေးသားရန် (သတ်မှတ်စာမျက်နှာထက် မကျော်လွန်ရ)၊ သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရန်၊ ကွန်ပျူတာစာလုံး (Pyidaungsu)၊ စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် တစ်လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်၊ အခြားမှ ကူးယူထားခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရန်၊ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများ မဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါး၊ စာစီစာကုံးနှင့် အတူပေးပို့ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တရားဝင်အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါး/စာစီစာကုံးများအား ပြန်လည်ပေးပို့မည်မဟုတ်ဘဲ ပြိုင်ပွဲဝင် စည်းကမ်းနှင့် မညီညွတ်သော စာမူများအား ပယ်ချသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများ ပေးပို့ရာတွင် အလွတ်တန်း ဆောင်းပါး/ စာစီစာကုံး အတွက် စာမူ (Hard+ Soft Copy (Word+ Pdf)) တစ်စုံစီ၊ ပြိုင်ပွဲဝင် အမည်၊ မှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ သုံးပုံ (၁.၅" x ၂"ဆိုဒ်)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ် အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် ၅၈၊ နေပြည်တော် ဖုန်း- ၀၆၇-၄၃၁၃၂၉၊ ၀၆၇-၄၃၁၄၉၇၊ အီးမေးလ် hr.env.ecd@gmail.com သို့ ၂၀၂၂ ခုနှစ် မေ ၁၂ ရက်ကြာသပတေးနေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန Website (www.ecd.gov.mm) နှင့် Facebook Page (Environmental Conservation Department-ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးနှင့် စာစီစာကုံးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများစာရင်းကို ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website နှင့် Facebook Page များတွင်ကြေညာသွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန် ၅ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**




အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# တရားမဝင် သစ်မျိုးစုံနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ် ကိုးဆူစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Ractis အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး **(ယာပုံ)** ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် (၀ ဒသမ ၆၈၂၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ် အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ Dump Truck အမျိုးအစား မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တရားမဝင် သစ်မျိုးစုံ ၁၂ ဒသမ ၃၉၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၆၁၈၅၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၆ ၁၈၅၀)ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



သို့ဖြစ်၍ မေ ၆ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု၊ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၄၆၄ ၁၅၀ ) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဇန်းမော်၊ ကျိုက်ထိုနှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဇန်းမော်မြို့နယ် မံရွတ်ကျေးရွာအုပ်စု မံရွတ်ကျေးရွာတံတားအနီး ဇန်းမော်-မန္တလေးသွားကားလမ်းတွင် မြတ်အောင် မောင်းနှင်ပြီး နော်လွမ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၁၀၀ နှင့် မြန်မာငွေကျပ် ၂ ဒသမ ၅ သိန်းတို့ကိုလည်းကောင်း၊ မေ ၇ ရက် ညနေ ၃ နာရီခွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၁)ရပ်ကွက်နေ မောင်ဟန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇေယျာဖြိုး (ခ)ကိုကို၊ တင်ကိုကို၊ ဟန်ကိုဦး(ခ) စောငကင်း တို့လေးဦးကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၊ ဆေးခြောက် သုည ဒသမ ၀၂၄၈ ကီလိုနှင့် အိုက်စ် သုည ဒသမ ၀၁၂၂၄ ကီလိုတို့ကိုလည်းကောင်း၊ ထိုနေ့ ည ၈နာရီခန့်တွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မင်္ဂလာရွှေဗဟိုရ်ရပ်ကွက်နေ စိုးမင်းသူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၃၀၄ ပြား ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ ကျော် တန်ဖိုးရှိ ကတ်တမင်းများဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ ကျော် တန်ဖိုးရှိ ကတ်တမင်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် ည ၉ နာရီတွင် ကွန်ဟိန်းမြို့နယ် တာကော် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကာလိမှ မိုင်းပျဉ်းဘက်သို့ စိုင်းနော်ရှဲန် မောင်းနှင်လာသည့် MITSUBISHI COLT မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၀၀၀ ကျော် တန်ဖိုးရှိ ကတ်တမင်း ၆၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ကတ်တမင်းများကို ကာလိမြို့မှ မိုင်းပျဉ်းမြို့သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ကျားဖောင်လုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နေ ဗလကြီး(ခ) အောင်ဗလက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ ဦး ---၊ (၃၀ နှစ်)ကို ကျားဖောင်လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ပါက တစ်လငွေကျပ် ရှစ်သောင်းရမည်ဟု စည်းရုံးပြောဆို၍ ကျားဖောင်လုပ်ငန်းသို့ ပို့ဆောင်ကာ ကြိုတင်ငွေကျပ် ခြောက်သိန်း ထုတ်ယူ၍ လုပ်အားခများကို ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဒလမြို့မရဲစခန်း (ပ) ၁၀၅၁/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး တောင်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၅ ရက်တွင် တရားခံ ဗလကြီး(ခ) အောင်ဗလအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ အရ အလုပ်နှင့် ထောင်ဒဏ်ခြောက်နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ မပိုင်ပိုင်စိုး (ခ) မစိုးစိုးနှင့် တောသားကြီး(ခ) တင်ကိုဦးတို့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ ---၊ (၁၈ နှစ်)ကို တရုတ်နိုင်ငံတွင် ဆံပင်ညှပ်သည့် အလုပ်လုပ်ကိုင်ပါက တစ်လ ငွေကျပ် ၁၅ သိန်း ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသား ကျိန်ယိဆိုသူထံ ပို့ဆောင်၍ ငွေကျပ်သိန်း ၆၀ ဖြင့် ရောင်းစားကာ ငွေကြေး အကျိုးအမြတ်များ ရယူခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၉၃၉ / ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ မပိုင်ပိုင်စိုး(ခ)မစိုးစိုးနှင့် တောသားကြီး(ခ)တင်ကိုဦး တို့ကို မေ ၆ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”
“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”
“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”




○ ကျောဖုံးမှ

လာအိုအသင်းနှင့် ခြေစွမ်းပိုင်းအရ သာလွန်သော်လည်း ပြိုင်ပွဲ အဖွင့်ပွဲမှာ ရှုံးနိမ့်ရလေ့ရှိသဖြင့် မထင်မှတ်သည့် ရလဒ်မထွက်ပေါ်စေရန် အာရုံစိုက်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် မခက်ခဲနိုင်သော်လည်း လာအို၊ စင်ကာပူတို့နှင့် ပွဲများတွင် အနိုင်သုံးမှတ်အပြင် ဂိုးများများ သွင်းယူထားနိုင်ရန်ပါ ကြိုးစားရမည် ဖြစ်သည်။ မြန်မာအမျိုးသမီး အသင်းအနေဖြင့် ၂၀၂၂ အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် ကစားခဲ့သည့် ခြေစွမ်းအတိုင်း ကစားနိုင်ပါက ယခုပြိုင်ပွဲတွင် ထိုက်သင့်သည့် အဆင့်တစ်ခု ရယူနိုင်မည်ဖြစ်သည်။

ဆီးဂိမ်း အမျိုးသမီး ဘောလုံး ပြိုင်ပွဲတွင် အသင်းခုနစ်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် ထိုင်း၊ မြန်မာ၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မေ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်

ဓာတ်ပုံ–MFF

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝ ရှောင်ကြဉ်ပါ**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲ ရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂) နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၄၈၁ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၀၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၀၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၈၄၈ ဦး၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၉၂၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၄၂၃၈၁ဦး၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၇၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မေ ၈ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် မိုင်းရယ်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ထိုင်းနှင့် ကမ္ဘောဒီးယား၊ အမျိုးသမီးပြိုင်ပွဲတွင် ဖိလစ်ပိုင်တို့ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၉**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းဘောလုံး အမျိုးသား၊ အမျိုးသမီး အုပ်စုပွဲစဉ်များကို မေ ၉ ရက်က ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ထိုင်းနှင့် ကမ္ဘောဒီးယား၊ အမျိုးသမီးပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်းတို့ ဂိုးပြတ်နိုင်ပွဲများ ရရှိခဲ့သည်။

အမျိုးသမီးပြိုင်ပွဲကို ယနေ့မှစတင်ကျင်းပခြင်းဖြစ်ပြီး ဖိလစ်ပိုင်အသင်းက ကမ္ဘောဒီးယားကို ငါးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အုပ်စု (က) တွင် သုံးသင်းသာပါဝင်သဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည့် ဖိလစ်ပိုင်အသင်းသည် ဆီမီးဖိုင်နယ်တက်ရန် အခြေအနေကောင်းသွားခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးများ ဆက်တိုက်ရရှိခဲ့သဖြင့် ဂိုးပြတ်နိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။



အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကမ္ဘောဒီးယားနှင့် လာအိုအသင်း ယှဉ်ပြိုင်နေစဉ်။

အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ကမ္ဘောဒီးယားအသင်းသည် ပွဲဦးထွက်ပွဲအဖြစ် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် စင်ကာပူအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ယူပြီး နိုင်ပွဲစတင်ရရှိခဲ့သည်။ ထိုင်းအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးများ ဆက်တိုက်ရရှိခဲ့သဖြင့် ဂိုးပြတ်နိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ပထမပွဲတွင် မလေးရှားကို မထင်မှတ်ဘဲ အရေးနိမ့်ထားပြီး ယခုပွဲမှ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း–ရဲရင့်လွင်**

**ဓာတ်ပုံ– Cambodia 2022 Facebook**


### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရိယာ ဝ.ဒသမ ၁၆၂ ဧက၊ မြေကွက်အမှတ်(ဥ–၆၃၉၁)ဒေါ်အေးပပလှိုင်(ဘ)ဦးသက်ဦးမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးငြိမ်းချမ်း ၉/တသန(နိုင်)၀၀၀၀၀၃ (ဘ)ဦးလေးအောင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၂၄/၂၀၂၁(၇–၁၀–၂၀၂၁)တင်ပြ၍ ဒေါ်အေးအေးသန်း ၃/ဘအန(နိုင်)၀၂၉၃၃၂ (ဘ)ဦးခင်သန်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်ကျေးရွာ၊ ကွင်းအမည်–ကလီထော်ကွင်း၊ ကွင်းအမှတ် 999/A၊ ဦးပိုင်အမှတ် N/15၊ မြေအမျိုးအစား G၊ ဧရိယာ ၂ဒသမ ၂၁ ဧကရှိ တရားဝင် မခွဲစိတ်ရသေးသော မြေကွက်အနက်မှ(၁) ကွက်လျှင် အကျယ်အဝန်း (၅၀' x၁၂၀')ရှိ မြေကွက်အမှတ်(7H+7I)၊ မြေကွက်(၂)ကွက်ကို ဦးကိုကို ၁၂/လမန(နိုင်)၁၂၈၉၃၀ က အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်ထားပြီး ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းမူရင်း ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဒေါ်ခင်မာနွယ် | ဒေါ်နန်းစုမြတ်နိုးထွဋ် | ဒေါ်ချောရူပါဝင်း |
|---|---|---|
| (LL.B,D.B.L) | (LL.B ) | (LL.B ) |
| (စဥ်–၁၄၂၆၂) | (စဥ်–၁၇၅၉၀) | (စဥ်–၅၂၅၉၃) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း–၀၉–၄၄၅၇၅၆၈၂၁၊ ၀၉–၄၃၁၆၇၂၉၆၊ ၀၉– ၄၂၁၀၂၂၁၁၂


## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်

**ရန်ကုန် မေ ၉**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု (က) ပွဲစဉ်များကို မေ ၁၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (က) ပွဲစဉ်များအဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (က) ၌ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား လေးမှတ်စီ၊ မြန်မာအသင်းက တစ်ပွဲကစား သုံးမှတ်ရထားပြီး တစ်ပွဲကစားထားသည့် အင်ဒိုနီးရှား၊ နှစ်ပွဲ ကစားထားသည့် တီမောအသင်းတို့မှာ အမှတ်မရသေးပေ။

ယနေ့ ကစားမည့်အသင်းများတွင် မြန်မာနှင့် အင်ဒိုနီးရှားအသင်း သာ ဒုတိယမြောက်ပွဲ ကစားရမည်ဖြစ်ပြီး ဖိလစ်ပိုင်နှင့် တီမောအသင်းမှာမူ တတိယမြောက်ပွဲ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းအတွက် ယခုပွဲမှာ မဖြစ်မနေ အနိုင်ရရန် လိုအပ်နေပြီး အမှတ်ပြည့်ရ ယူထားနိုင်မှသာ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် မတွေ့ဆုံမီ အခြေအနေ ကောင်းဖွယ်ရှိနေ သည်။

မြန်မာအသင်းအနေဖြင့် ပထမပွဲတွင် တီမောကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ခြေစွမ်းပိုင်းအရ သာမန်သာရှိသလို အသက်ကျော်ကစားသမားများ၊ ပြည်ပကလပ်များတွင် ကစားနေသူများမှာ အသင်းနှင့်အံဝင်ရန် လိုအပ်နေသည်။ ဖိလစ်ပိုင်အသင်းကလည်း တီမောကို လေးဂိုးပြတ်နိုင်ပြီး ဗီယက်နမ်နှင့် ဂိုးမရှိ သရေကျထားရာ မြန်မာအသင်း အမှားမခံသည့်ပွဲဖြစ်နေသည်။

မြန်မာနှင့် ဖိလစ်ပိုင်အသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ အုပ်စုအဆင့်တွင်လည်း တွေ့ဆုံခဲ့ပြီး နှစ်ကြိမ်ဆက် တွေ့ဆုံခြင်းဖြစ်ပြီး ထိုစဉ်က မြန်မာအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရဲရင့်လွင်

## ဗိုလ်ကြီး ဝေလင်းအောင်(ငြိမ်း)
### အသက်(၉၃)နှစ်

ပဲခူးမြို့နေ (ဦးသီ-ဒေါ်ငွေသောင်)တို့၏သား၊ (ဒေါ်ခင်စန်းရီ)၏ခင်ပွန်း၊ (ဦးနေဝင်း-ဒေါ်ခင်စန်းဝေအောင်)၊ (ဦးကိုကိုအောင်)-ဒေါ်တင်တင်ဝင်း၊ (ဦးကိုကိုညိုအောင်)-ဒေါ်ဝင်းဝင်းငွေ၊ ဦးကိုကိုနိုင်အောင်-ဒေါ်မြမြ၊ ဦးကိုကိုခိုင်အောင်-နန့်တင်တင်ငွေ၊ (ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး)-ဒေါ်မာလာသန်း၊ ဒေါ်ခိုင်စန်းဝေအောင်၊ (ဒေါ်သက်စန်းဝေအောင်)တို့၏ဖခင်ကြီး၊ မြေး ၁၂ယောက်တို့၏ အဘိုး ဦးဝေလင်းအောင်သည် ၈-၅-၂၀၂၂ရက် ည ၉နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၂ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်စစ်သင်္ချိုင်း၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းအေး(သံလမ်းအုပ်ကြီး-ငြိမ်း၊ မြန်မာ့မီးရထား)
### အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ (၂)လမ်း၊ လောကမာရ်အောင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုနန္ဒအား ဦးထိပ်ထား၍ မရမ်းကုန်းမြို့နယ်နေ (ဦးပု-ဒေါ်ငွေပွင့်)တို့၏ သားထွေး၊ ရော၀တီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်နေ (ဦးမောင်ချစ်-ဒေါ်ညွှက်)တို့၏ သားသမက်၊ အင်းစိန်မြို့နယ်နေ (ဦးအောင်သန်း-ဒေါ်ချစ်တင်)၊ မရမ်းကုန်းမြို့နယ်နေ(ဦးကျော်စိန်-ဒေါ်မြရီ)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ(ဦးလှကြီး-ဒေါ်နီနီဝင်း)၊ အင်းစိန်မြို့နယ်နေ(ဦးတင်ညွန့်-ဒေါ်ခင်တုတ်)တို့၏ညီ/မောင်၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ(၁+၂)လမ်း၊ အမှတ် ၈၆၈ နေ ဒေါ်ဝင်းဝင်းမြင့်၊ ဦးသန်းထိုက်-ဒေါ်ဝင်းဝင်းစိုး၊ ဦးအောင်မျိုးထွဋ်-ဒေါ်အေးအေးမင်းတို့၏ ကျေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ ဒေါ်တင်တင်၏ ချစ်လှစွာသော ခင်ပွန်းသည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၂ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၂ရက်(ကဆုန်လပြည့်နေ့)(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ(၁+၂)လမ်း၊ အမှတ် ၈၆၈နေ ဒေါ်တင်တင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်ရှုဝါ
## အငြိမ်းစား ဒု-သုတေသနမှူး
### အသက်(၉၀)နှစ်

ဦးဖေတင်ဝင်း-(ဒေါ်ရှယ်လီ)၊ (ဦးယုကြည်-ဒေါ်ကျင်ဥ)၊ (ဦးဖေမောင်ဝင်း-ဒေါ်စန်းစန်းမြင့်)၊ (ဦးထွန်းလှ)-ဒေါ်ရှုလွမ်တို့၏ ညီမ၊ (ဦးစွန်းစိန်)-Dr.ရှုမေစိန်၊ (Dr.ဘမြင့်-ဒေါ်ကျင်ယဉ်)တို့၏အစ်မ၊ (ဦးမျိုးမြင့်)၏ဇနီး၊ ဦးဝင်းမြင့်-ဒေါ်မိုးဆမ်းတို့၏မိခင်၊ မောင်ဖြိုးခန့်ဝင်း(Patrick Win)၊ မောင်ကောင်းထက်အောင်(Kevin Win)တို့၏ အဘွားသည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၅ နာရီတွင် ဩစတြေးလျနိုင်ငံ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဆွမ်းပဒေသာပင် ဒါယိကာမကြီး
## ဒေါ်မြစိန်(သရက်)
### အသက်(၉၈)နှစ်

ဒုတိယဗိုလ်ချုပ်ကြီး ကိုကို(ငြိမ်း)-ဒေါ်စဝ်နွန်းခွန်ဆမ်တို့၏ မိခင် ဒေါ်မြစိန်သည်၁-၅-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ သန်းအောင်-ဒေါ်သောင်းမြ(ခ)ဒေါ်စုစု**
**တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး(ငြိမ်း)**
**ရန်ကုန်တိုင်းဒေသကြီး(ထွေ/အုပ်)**

## အိမ်ခြံမြေကွက်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာမော် ၁/မကန(နိုင်) ၀၀၈၄၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် မြစ်ကြီးနားမြို့၊ အေးမြသာယာရပ်ကွက်၊ ကွင်း(၁၅/၂-၃)၊ ဦးပိုင်(၂၃)၊ ဒေါ်မြင့်မြင့်လွင် အမည် ပေါက် (၅)နှစ်၊ မြေငှားဂရန်မြေအမျိုးအစား၊ပေ(၈၀x၁၀၀)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားဂရန်အမည်ပေါက်သူ ဒေါ်မြင့်မြင့်လွင် ၁/မကန(နိုင်) ၀၄၉၁၃၅ ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရောင်းအဝယ်အထမြောက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိုးမိုးဝင်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၈)၊ ကျွန်းပင်သာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၉-၂၅၂၇၅၅၄၃၅၊ ၀၉-၆၉၃၃၇၆၀၀၁**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်သန်းရွှေ(အောင်ပန်းမြို့)
### အသက်(၉၈)နှစ်

သူငယ်ချင်း [ဗိုလ်ကြီးလှမိုး(တပ်မတော်-လေ)]၏ မိခင်ဖြစ်သူ ဒေါ်သန်းရွှေ အသက်(၉၈)နှစ်သည် ၇-၅-၂၀၂၂ရက်(စနေနေ့) နံနက် ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၀)မှ ဗိုလ်လောင်းသင်တန်းဆင်း သူငယ်ချင်းများ**

## ဒေါ်မြင့်မြင့်လှိုင်(BAED BED)
## အငြိမ်းစား(ဆရာမ)
## မင်္ဂလာဒုံ တပ်မတော် ကလေးများကျောင်း(အလယ်တန်း၊ အထက်တန်း)
## အလက(၂) ရန်ကင်း
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကုန်းဘောင် ၁၅လမ်း၊ အမှတ် ၁၁၇၉(ခ)နေ (ဦးစိန်လွင်- ဒေါ်အုန်းသင်)တို့၏သမီးချွေးမ၊ (ဦးထွန်းလှိုင်-ဒေါ်စောယုံ)၊(ဦးစောယုဆိုင်-ဒေါ်သိန်းညွန့်)တို့၏သမီး၊ ဦးအောင်မြင့်လွင်[ဌာနခွဲမှူး-ငြိမ်း၊ စက်မှုထွေထိန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန]၏ ဇနီး၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်းလွင်(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အကြီးစားစက်မှုလုပ်ငန်း-(ဒေါ်သိန်းသိန်းဆွေ)တို့၏ အစ်မ၊ မောင်လမြိုင်မြို့နေ ဦးစံချောင်း-ဒေါ်မဆင့်တို့၏ ညီမ၊ ဒေါ်ခင်စန်းဝင်းတို့၏ အဒေါ်၊ ဦးဥက္ကာလွင်-ဒေါ်ပြုံးပြုံးတို့၏မိခင်၊ ကိုဟန်မြင့်ဇော်(ခေတ္တ-စင်ကာပူ)၊ ဒေါက်တာရှင်မွေလ၊ ဒေါက်တာ သရဖီလွင်တို့၏ အဘွား ဒေါ်မြင့်မြင့်လှိုင်သည် ၉-၅-၂၀၂၂ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၂ရက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းကျင်(ဇီးကုန်းမြို့)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်(၉)၊ လေးလွှာ(B)နေ (ဦးအုန်းမောင်)၏ချစ်လှစွာသော ဇနီး၊ (ဒေါ်ဆွေဆွေဦး)၊ ဦးတင်အောင်ချို(လက်ထောက်ညွှန်ကြားရေးမှူး၊ လဝက)-ဒေါ်ဆွေဆွေဝင်း၊ ဦးအောင်လွင်မိုး-ဒေါ်စိမ်းကလျာအောင်တို့၏ ချစ်လှစွာသောမိခင်၊ ဦးကျော်စွာထွန်း-ဒေါ်အိမြတ်မွန်၊ မမေမြတ်မွန်(ES4E International School)၊ မောင်ဖြိုးသူရကျော်(စတုတ္ထနှစ်၊ ရက္ခဗေဒ၊ ဒဂုံတက္ကသိုလ်၊ အဝေးသင်)၊ မသင်းနန္ဒီစိုး(ပထမနှစ်၊ ဇီဝ/ဓာတု)၊ မောင်လင်းမြတ်အောင်(Grade-8)၊ မောင်ဘုန်းအဂ္ဂတို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၈-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၈:၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီး သဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၂ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းထွန်း
### အသက်(၇၉)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ကချင်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ရဲထွန်း ၏ဖခင် ဦးသိန်းထွန်း(ဗိုလ်မှူးကြီး-ငြိမ်း)သည် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ ၇-၅-၂၀၂၂ရက် (စနေနေ့)ည ၉:၄၀ နာရီတွင် ဘဝ တစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဗိုလ်မှူးအုန်းလွင်(ငြိမ်း)(တေဇ-၁)
## လေ့ကျင့်ရေး(၇)၊ တောင်တွင်းကြီး
### အသက်(၇၁)နှစ်

တောင်တွင်းကြီးမြို့နေ ဦးရှိန်-ဒေါ်ရင်တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးကျော်သိန်း-ဒေါ်ရီတို့၏သားသမက်၊ ဒေါ်စန်းစန်းကြည်(ခ)ဒေါ်အေးအေးမိုး(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၏ ခင်ပွန်း၊ (ဗိုလ်မှူးဟိန်းထက်လွင်)-ဒေါ်ခက်ခက်ခိုင်၊ မနီနီလွင်၊ မောင်နေလွင်အောင်-မအေးညွန့်ခိုင်တို့၏ဖခင်၊ မလင်းထက်နေခြည်ကို၊ မခင်ဘုဏ်းဟန်တို့၏အဘိုးသည် ၉-၅-၂၀၂၂ရက် နံနက် ၁၀:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၂ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်၊ ဘုရားကြီးလမ်းနေ ဦးအေးမြင့် ၇/ တငန(နိုင်)၁၀၀၄၉၉ -ဒေါ်ဖြူဖြူဝင်း ၇/ တငန(နိုင်)၁၀၉၆၃၄ တို့၏သား မောင်ကျော်မောင်မောင်အေး ၇/တငန(နိုင်)၀၉၉၄၉၈ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအေးမြင့်-ဒေါ်ဖြူဖြူဝင်း**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၏
## ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ
## (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)
## သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ



ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇမ္ဗူအေးကျောင်းတိုက်၊ ဓမ္မမေဓိနီပရိယတ္တိ စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဓမ္မမေဓိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဝေါမြို့နယ်၊ ကျိုက်လှကျေးရွာ၊ ဒက္ခိဏာရုံကျောင်းတို့၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဇာနေယျ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)သည် (၁၃၈၄ခုနှစ် ကဆုန်လဆန်း ၉ရက်) ၈-၅-၂၀၂၂ရက် ည ၇:၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်) ၁၅-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်း တိုက်၊ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာဆင်ယင်ကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ လောင်တိုက်ဖြင့် မီးသဂြိုဟ် ပူဇော်သွားမည်ဖြစ်ပါကြောင်း ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝေလင်းအောင်
### အသက်(၉၃)နှစ်

ဆရာ ဦးဝေလင်းအောင်သည် ၈-၅-၂၀၂၂ရက် ည ၉:၀၅ နာရီ တွင် နေပြည်တော်ရှိ တပ်မတော် (ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ဆရာ ကောင်းရာသုဂတိသို့ ရောက်ရှိပါစေ

**စစ်တက္ကသိုလ်ဗိုလ်လောင်း အမှတ်စဉ်(၁၃)မှ တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်းမူ
### အသက်(၆၃)နှစ်

ဒုတိယဗိုလ်မှူးကြီး တိုးမြင့်(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဖြစ်သူ ဒေါ်ခင်သန်းမူ အသက်(၆၃)နှစ် သည် ၈-၅-၂၀၂၂ရက် နံနက် ၈နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိရောက်ရှိပါစေ...............

**ခလရ(၃၉)တွင် တာဝန်ထမ်းဆောင်ခဲ့သည့်**
**တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မျိုးလွင်(ငြိမ်း)နှင့်**
**အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ-က)၊ မြတ်လေးလမ်း၊ မြေကွက်အမှတ် (၁/၁၂)၊ မြေအကျယ်အဝန်း (၃၃' X၁၅၈'.၀'')ပေ၊ ဝဒသမ ၁၁၉ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးလှငွေ အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ဖြစ်သူ ဦးလှငွေ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်စန်းဝင်း ၁၂/မဂဒ(နိုင်) ၀၆၈၁၈၉ မှ အမွေဆက်ခံပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိမ့်ဇာဦး(စဉ်-၃၄၇၈၂)အထက်တန်းရှေ့နေ**
**အမှတ် ၁၁၂၈၊ သရဖီ ၇လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၄၀၁၀၄၈**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်တောမြို့၊ ရွာသစ်ကေရပ်ကွက်နေ မရိုစ်နီ ၁၁/မတန(ပြု)၀၀၂၄၇၇ ၏ မိဘမှာ (ဘ)ဦးရှောင်ရှုအာလောမ်နှင့် ဦးရှောင်ရှုအာလမ်၊ (မိခင်)ဒေါ်ယာစ်မိန်ဘေဂါမ် နှင့် ဒေါ်ယာစ်မိန်ဘေဂေါင်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ ညောင်ပင်ကျေးရွာ အထက ဆဋ္ဌမတန်းမှ မအိမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး ၁/မညန(နိုင်) ၁၄၉၃၅၀ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ဦး**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အိုင်ဇောက်ကျေးရွာအုပ်စု ငွေချောင်းကျေးရွာနေ မောင်သီဟမောင် ၈/နမန(နိုင်) ၂၀၂၆၅၇၏ မိဘအမည်မှန်မှာ ဦးငွေအောင် ၈/နမန(နိုင်) ၀၇၃၄၂၀နှင့် ဒေါ်ပေါ်ကြွယ် ၈/နမန(နိုင်) ၀၇၃၄၁၀ဖြစ်ပါကြောင်း။

**ဦးငွေအောင်-ဒေါ်ပေါ်ကြွယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/9187 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**လာမယ့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ ဒို့နိုင်ငံအနေနဲ့ တိုင်းရင်းသားအားလုံး စုစည်းကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိခဲ့တာ (၇၅)နှစ်ပြည့်မြောက်မှာဖြစ်တယ်။ အခုလိုစိန်ရတုလွတ်လပ်ရေးနေ့အကြိုကာလမှာ တိုင်းပြည်ရဲ့ လွတ်လပ်ရေးအမွန့်ရှည်ကြာတည်တံ့ရေးနဲ့ နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးကို ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်ကျော်ကာလ တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားတယ်။**

**ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းချက်တွေနှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်ကြောင်း ရဲဘော်တို့ကို အသိပေးလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၇-၃-၂၀၂၂

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၉

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း

*စာမျက်နှာ ၁၈ ကော်လံ ၁* ◆



## ဗီယက်နမ်ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ မြန်မာအမျိုးသမီးအသင်းနှင့် လာအိုအမျိုးသမီးအသင်း ယနေ့ကစားမည်

ရန်ကုန် မေ ၉

ဗီယက်နမ်ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို မေ ၁၀ ရက် **(ယနေ့)** တွင် ဗီယက်နမ်နိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လာအိုအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စု (ခ) ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် လာအိုအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲကစားရမည့်

*စာမျက်နှာ ၂၄ ကော်လံ ၁* ○

### ယနေ့ သတင်းအညွှန်း




**ပလတ်စတစ်ညစ်ညမ်းမှု (သို့မဟုတ်) လူသားမျိုးဆက်အတွက် သံချောင်းခေါက်သံ**

ဆောင်းပါး စာ - ၁၆

**ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအဖြစ် မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်**

ပြည်တွင်းသတင်း စာ - ၂၄

**ရေကြီးမှုကို ကြိုတင်ပြင်ဆင်ရန် ကုလသမဂ္ဂက တောင်ဆူဒန်နိုင်ငံကို အမေရိကန်ဒေါ်လာ ၁၉ သန်း ထောက်ပံ့**



နိုင်ငံတကာသတင်း စာ - ၁၃